# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်　　၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃ ရက်၊ သောကြာနေ့　　အတွဲ (၅၉)၊ အမှတ် (၂၇၄)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝါဒ (ဓမ္မပဒ - ၇၈)

## ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၁၈ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅၇(ခ) အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်-

(၁) ပြည်ပရောက် မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် [ပုံစံ(၁၅) များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် Website ၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်] — ၃.၇.၂၀၂၀

(၂) ပြည်ပရောက် မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက် ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့် နေ့ရက် — ၁၆.၇.၂၀၂၀ မှ ၅.၈.၂၀၂၀

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# အားလုံးပူးပေါင်းပြီး Covid ကို အပြီးအပြတ်အနိုင်ယူနိုင်ဖို့ ဖွဲ၊ လုံ့လတွေ ထုတ်ကြရအောင် ဟု ရေးသားဖော်ပြ



နေပြည်တော် ဇူလိုင် ၂

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံးပူးပေါင်းပြီး Covid ကို အပြီးအပြတ် အနိုင်ယူနိုင်ဖို့ ဖွဲ၊ လုံ့လတွေ ထုတ်ကြရအောင်ဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိ အကြိမ်ကြိမ်အခါခါ မျှဝေခဲ့တဲ့ ပခုက္ကူဆရာတော် ဘုရားကြီး ဖေဖေ့ကို ချီးမြှင့်ခဲ့တဲ့ ဆုံးမဩဝါဒကို နောက်တစ်ဖန်ဝေမျှပါရစေ။ “ခြောက်တိုင်းလည်း မကြောက်နဲ့၊ မကြောက်ပဲလည်း မနေနဲ့၊ မြောက်တိုင်းလည်းမမြောက်နဲ့၊ မမြောက်ပဲလည်းမနေနဲ့” ဆိုတာ ဖြစ်ပါကြောင်း၊ ထပ်တလဲလဲတော့ ပထမပိုင်းကို Covid နဲ့ ပတ်သက်လို့ ညွှန်းခဲ့ပါကြောင်း၊ အကြောက်မလွန်ဖို့နဲ့ သတိလက်မလွတ်ဖို့ နှိုးဆော်တာ ဖြစ်ပါကြောင်း။

ဒီတစ်ခါတော့ ဒုတိယပိုင်းကို အဓိကထား ပြောချင်ပါကြောင်း၊ မြောက်တိုင်းလည်း မမြောက်နဲ့ ဆိုတာကတော့ အဓိပ္ပာယ်ရှင်းပါကြောင်း၊ ‘မမြောက်ပဲလည်းမနေနဲ့’ အပိုင်းကို ဆရာတော် ဘုရားကြီး ရှင်းပြတော်မူခဲ့တာကတော့ ချီးမွမ်းခံရရင် ချီးမွမ်းစရာဖြစ်စေတဲ့အချက်တွေကို တန်ဖိုးထားပြီး ဆက်လက်ထိန်းသိမ်းထားပါ။ တစ်နည်းပြောရမယ်ဆိုရင် ကိုယ့်ရဲ့ ကောင်းတဲ့အရည်အချင်း၊ လုပ်ရပ်တွေကို ပြုစုပျိုးထောင်ပါ။

Covid နဲ့ပတ်သက်လို့ မိမိတို့နိုင်ငံရဲ့ အစီအစဉ်တွေကို ချီးကျူးတာတွေ ရှိလာပါကြောင်း၊ အစကတော့ ဒီလောက်ပြဿနာကြီးကို မိမိတို့နိုင်ငံက ကိုင်တွယ်နိုင်မှာမဟုတ်ဘူးလို့ ထင်ခဲ့ကြသူတွေက အခုတော့ မိမိတို့ရဲ့လုပ်ရပ်တွေဟာ သင့်တော်ကောင်းမွန်တယ်လို့ အသိအမှတ်ပြုလာကြပါကြောင်း၊ ဒီအချိန်က မမြောက်ပဲလည်း မနေရမဲ့အချိန် ဖြစ်ပါကြောင်း။

ချီးကျူးကြတဲ့အခါ မိမိကတော့ ဒီလောက် ဆောင်ရွက်နိုင်တာဟာ ပြည်သူတွေကို အဓိက ထားလို့ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပါဝင်လုပ်ဆောင်ကြလို့ဖြစ်ပါကြောင်း၊ မည်သူမျှ မကျန်ခဲ့စေရ ဆိုတဲ့မူကို လက်ကိုင်ထားလို့ပါလို့ ရှင်းပြလေ့ရှိပါကြောင်း၊ ခရီးကတော့ မဆုံးသေးပါဘူးဆိုတာကိုလည်း အသိအမှတ်ပြုပါကြောင်း၊ မိမိတို့ အောင်မြင်မှုတွေကို ဆက်လက် ထိန်းထားရမယ် ဆိုတာကို သတိရှိနေရကြောင်း။

မြောက်တာတွေကြောင့် နည်းနည်းလေးတော့ မြောက်ကြရအောင်၊ ဆက်လက် ချီးမွမ်းစရာဖြစ်အောင် အားလုံးပူးပေါင်းပြီး Covid ကို အပြီးအပြတ် အနိုင်ယူနိုင်ဖို့ ဖွဲ၊ လုံ့လတွေ ထုတ်ကြရအောင်ဟု ရေးသားထားသည်။

- ခရီးကတော့ မဆုံးသေးပါဘူးဆိုတာကိုလည်း အသိအမှတ်ပြု၊
- မိမိတို့ အောင်မြင်မှုတွေကို ဆက်လက် ထိန်းထားရမယ် ဆိုတာကို သတိရှိနေရ

## ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် (၁၁၅/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်တွင်းရှိ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ ဌာနတည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ(၁၅) များကို တောင်းခံသွားရန်၊

(ခ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ ●


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# စည်းမျဉ်း၊ စည်းကမ်းနှင့် တရားဥပဒေ လျော့နည်းမှု၏ ဆိုးကျိုးရလဒ်

ဖားကန့်ရတနာမြေတွင် ဝမ်းနည်းဖွယ်အဖြစ်ဆိုးက ကြောက်ခမန်းလိလိ ဖြစ်ပေါ်ခဲ့ပြန်ပြီဖြစ်သည်။ မြေပြိုကျခြင်း၊ နွံကန်ပေါက်ခြင်းစသည့် ဖြစ်စဉ်များကြောင့် လူသေဆုံးမှုများမှာ ဤဒေသအဖို့ ဖြစ်နေကျဟု ဆိုနိုင်သော်လည်း ယခုဖြစ်စဉ်တွင် ရှာဖွေတွေ့ရှိထားသည့် သေဆုံးသူ အရေအတွက်အရ ငါးနှစ်တာကာလအတွင်း အသေအပျောက် အများဆုံးဖြစ်သည်။

ပေပေါင်းထောင်ချီမြင့်သည့် မြေပြိုကျမှုနှင့် ရေလှိုင်းများ အပြန်အလှန် ရိုက်ခတ်မှုတို့ကြောင့် လူအများအပြား နွံအိုင်အတွင်း မျောပါနစ်မြုပ်သေဆုံးကြရသည့်ဖြစ်ရပ်မှ မှတ်တမ်းရုပ်သံဖိုင်များ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့ခဲ့ရာ ဝမ်းနည်းစရာ၊ ထိတ်လန့်စရာဖြစ်ရပ်ကို မျက်ဝါးထင်ထင် မြင်တွေ့ကြရသူတိုင်းက ယင်းဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်ပေါ်စေရေးအတွက် ဆုတောင်းဆန္ဒပြုကြသည်။ ဖားကန့်ရတနာမြေတွင် ထောင်နှင့်ချီသော ကျောက်စိမ်းလုပ်ကွက်များ၌ သောင်းနှင့်ချီသော စက်ယန္တရားကြီးများနှင့် တူးဖော်လုပ်ကိုင်လျက်ရှိကြသလို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သိန်းနှင့်ချီသော ရေမဆေးကျောက် ရှာဖွေသူများကလည်း လာရောက်အသက်မွေးဝမ်းကျောင်းနေကြခြင်းဖြစ်သည်။ အလွန်အကျွံ တူးဖော်မှုများနှင့် ကျောက်တွင်းတူးဖော်ရာမှ ထွက်ပေါ်လာသည့် မြေစာများကို စနစ်တကျ မစွန့်ပစ်မှုများကြောင့် ဖားကန့်၏ သဘာဝပတ်ဝန်းကျင်မှာ ဘေးသင့်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက မြေပြိုမှုတွင် လူပေါင်း ၁၀၀ ကျော် သေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးခဲ့သည့် ဖြစ်ရပ်အပါအဝင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း လူပေါင်း ၅၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်ရာ ဖားကန့်ရတနာမြေတွင် တရားဥပဒေစိုးမိုးရေးအတွက် အထူးတလည် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။

ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ဖားကန့်ဒေသတွင် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲ၍ ရတနာနယ်မြေတွင် ကြီးမားသည့် ဘေးအန္တရာယ်များ ကျရောက်နိုင်သည့်အဖြစ်မှ ရှောင်ရှားနိုင်ရန် လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင် ဆောင်ရွက်ခဲ့သည်။ ၎င်းအစီအစဉ်အရ မြေပြိုကျမှုများ မဖြစ်စေရေး၊ ကြံ့ခိုင်သည့် မြေပြင်ဖြစ်အောင် ဖန်တီးရေး၊ ရေတိုက်စားခြင်းနှင့် အနည်ကျခြင်းတို့ကို ထိန်းချုပ်ရေး၊ ရေအရင်းအမြစ်များနှင့် ရေလွှမ်းမိုးမှုတို့ကို ကာကွယ်ရေး စသည့်အချက်များ ပါဝင်ခဲ့ရာ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျောက်တွင်းတူးဖော်သည့် ကုမ္ပဏီများက အဓိကဆောင်ရွက်ကြရမည်ဖြစ်သည်ကို တွေ့ရသည်။ သို့ရာတွင် ကုမ္ပဏီများအနေဖြင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုအားနည်းကြောင်း ဝေဖန်သုံးသပ်မှုများ ရှိနေသည်ကိုလည်း တွေ့ရသည်။

အခြားတစ်ဖက်တွင်လည်း ဖားကန့်ကျောက်စိမ်းနယ်မြေသို့ မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှ လာရောက်လုပ်ကိုင်နေကြသည့် သုံးသိန်းခန့်ရှိသော ရေမဆေးကျောက် ရှာဖွေသူများအား ကွပ်ကဲထိန်းချုပ်နိုင်ရန် လိုအပ်လျက်ရှိသည်။ မြေစာပုံပြိုကျမှု၊ နွံကန်ပေါက်မှုအပါအဝင် ဘေးအန္တရာယ်ဖြစ်စဉ်များတွင် အသက်ဆုံးရှုံးကြရသူအများစုမှာ ရေမဆေးကျောက်သမားများဖြစ်ပြီး အများစုမှာ လူငယ်လူရွယ်များဖြစ်ကြသည်။ ၎င်းတို့မှာ မူလနေရင်းဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကြောင့် တစ်ကြောင်း၊ ရတနာမြေမှာ ကျောက်အောင်ပါက သူဌေးဖြစ်နိုင်မည်ဟူသော စိတ်ကူးအိပ်မက်ကြောင့်တစ်ကြောင်း ရောက်ရှိလာကြသူများဖြစ်သည်။ ရေမဆေးကျောက်သမားဦးရေ အလွန်အကျွံ များပြားနေမှုက စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုပ်ရကိုင်ရခက်စေပြီး ယခုကဲ့သို့ အစုလိုက်အပြုံလိုက် ပျက်စီးမှုများကို ဖြစ်ပေါ်စေခြင်းဖြစ်ရာ နည်းလမ်းရှာဖွေ ကန့်သတ်သွားရန် လိုအပ်မည်ဖြစ်သည်။

ဖားကန့်ရတနာမြေနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုတို့မှာ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုအားနည်းခြင်းနှင့် တရားဥပဒေစိုးမိုးမှု လျော့ရဲခြင်းတို့မှ ထွက်ပေါ်လာသည့် ဆိုးကျိုးရလဒ်များပင်ဖြစ်ရာ နောက်ထပ်ဖြစ်ပေါ်လာနိုင်ဖွယ်ရာသော အန္တရာယ်များကို ရှောင်ရှားနိုင်ရေးအတွက် ပြုအပ်ရာရာတို့ကို မနှေးမြန်စွာ ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ (၁၈-၆-၂၀၂၀)နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၁၁-၅-၂၀၂၀)နေ့မှ (၁၂-၆-၂၀၂၀)နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၁ ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် လေးဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၂၃ ဦး၊ ပေါင်း ၂၈ ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၁၀ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၅၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၈၈၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၀၉ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၈၄၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။


ပြန်ကြားရေးဝန်ကြီးဌာန

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေး ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင်လ ၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ရုပ်အဆင်းအလှအပထက် စိတ်ထားလှခြင်းက လူကို ပို၍လှပစေကြောင်းကို ရေးဖွဲ့ထားသည့် "အလှ" မျက်နှာဖုံးကာတွန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် သတိပြုလိုက်နာအပ်သော နီတိများအကြောင်းကို တင်ဆက်ထားသည့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနီတိများ" သုတဆောင်းပါး၊ ကျောင်းသားလေး ပေါက်ကျော်သည် ပညာရေးမှူးအား သူ၏နာမည် မိတ်ဆက်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ပေါက်ကျော်ပါဝင်သည့် ဆရာကြီး" နှစ်မျက်နှာကာတွန်း၊ လူစွမ်းကောင်းပြိုင်ပွဲတွင် နွားကျောင်းသားလေး မောင်လမ်းက အနိုင်ရရှိသွားပုံအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "လူစွမ်းကောင်း" ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေး အင်္ဂလိပ်သဒ္ဒါ၊ ကျန်းမာရေးအသိပေးချက်ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။




သတင်းစဉ်

## ညောင်ဦးမြို့နယ်တွင် သောက်သုံးရေ အခက်ကြုံနေသည့် ဒေသခံများအား သောက်သုံးရေလှူဒါန်း

ညောင်ဦး ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့ပိုင်ကျေးရွာရှိ သောက်သုံးရေ အခက်ကြုံနေသည့် ဒေသခံများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့ မြင့်မြတ်သူ စေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်းမှ ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများ သွားရောက် လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူ စေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်းမှ ပရဟိတအသင်းသားများအဖွဲ့က ညောင်ဦးမြို့နယ် ငါ့ပိုင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေဂါလန် ၃၂၀၀ အား စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်း သောက်သုံးရေ အခက်ကြုံနေသည့် ကျေးရွာများကိုလည်း စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ပရဟိတရေလှူအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအောင်ငြိမ်းက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး )

## ဘရူနိုင်းနိုင်ငံ၌ Virtual Meeting အဖြစ် ပြုလုပ်ခဲ့သော အာဆီယံငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံ ပါဝင်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂

ဘရူနိုင်းဒါရူဆလမ်နိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူ၍ ဇွန် ၂၂ ရက်မှ ၂၇ ရက်အထိ Virtual Meeting အဖြစ် ပြုလုပ်ခဲ့သည့် (၂၈)ကြိမ်မြောက် အာဆီယံ ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး(28[th] Meeting of ASEAN Sectoral Working Group on Fisheries–ASWGFi)နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သော (၁၀)ကြိမ်မြောက် အာဆီယံပုစွန်မွေးမြူမှု မိတ်ဖက်အဖွဲ့အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ ငါးလုပ်ငန်းအတိုင်ပင်ခံဖိုရမ်တို့တွင် မြန်မာနိုင်ငံမှလည်း ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း ဖော်ဆောင်ပြီးနောက် အဖွဲ့ဝင်နိုင်ငံများအကြား ငါးလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရေးကြီးဆွေးနွေးရန် ကိစ္စများ၊ အာဆီယံငါးလုပ်ငန်း မူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံအဆင့်မြင့် အရာရှိကြီးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တင်ပြအတည်ပြုချက်ရယူရမည့် ကိစ္စရပ်များနှင့် ASEAN–SEAFDEC မဟာဗျူဟာ လမ်းညွှန်ချက်နှင့်အညီ အာဆီယံဒေသအတွင်း ပုစွန်မွေးမြူထုတ်လုပ်မှု စံချိန်စံညွှန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ငါးလုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

သိခ်

## ကန်ကြီးထောင့်မြို့၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှစ်ခုအတွက် ကျေးရွာများရွေးချယ်

ကန်ကြီးထောင့် ဇူလိုင် ၂


ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်း အကောင်အထည်ဖော်မည့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှစ်ခုဖြစ်သော Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းတို့ အတွက် ကျေးရွာများကို ဇွန်လနောက်ဆုံးပတ်က ရွေးချယ်ခဲ့သည်။

အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ကျေးရွာရွေးချယ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်စိုးနိုင်က ကိုဗစ်-၁၉ အကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများမှ ပြည်သူများ အလုပ်အကိုင်များရရှိပြီး ဝင်ငွေများ တိုးပွားလာစေရန်နှင့် ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Cash For Work စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းဆောင်ရွက်မည့် နည်းလမ်းများကိုလည်းကောင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ဖူးသစ်မြတ်ချယ်က စီမံကိန်းကျေးရွာရွေးချယ်မှုနှင့် ပတ်သက်သော စံသတ်မှတ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီမှ တာဝန်ရှိသူများက စီမံကိန်းကျေးရွာရွေးချယ်ရန် ဝိုင်းဝန်းဆွေးနွေးပြီးနောက် သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ Cash For Work စီမံကိန်းအတွက် ကျေးရွာရှစ်ရွာနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအတွက် ကျေးရွာနှစ်ရွာတို့ကို ရွေးချယ်ကြကြောင်း သိရသည်။

သွန်းဝသန်

# လုံ့လဝီရိယ လျှော့လို့မဖြစ်



ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီး ငယ်ငယ်လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့ လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)

## နိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက ပေးအပ်သည့် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ (၃) ခု လက်မှတ်ရေးထိုး




**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက ပေးအပ်သည့် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ (၃) ခု လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော မာရုယာမနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အထောက်အကူ ပြုမည်ဖြစ်**

စုစုပေါင်းတန်ဖိုး ဂျပန်ယန်း ၂ ဒသမ ၁၉၉ ဘီလီယံရှိသည့် အဆိုပါစာချွန်လွှာ (၃)ခု လက်မှတ်ရေးထိုးခြင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအတွက် မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ အထောက်အပံ့ရရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ကျုံးရေကို သန့်စင်ပေးဝေရေး စနစ် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းနှင့် ရန်ကုန်မြစ်အတွင်း ရေကြောင်းလမ်းညွှန်အထောက်အကူပြု အချက်ပြကိရိယာများ အဆင့်မြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

●*ရွှေ့ဖုံးမှ*

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ (၂၆-၈-၂၀၂၀) ရက်အရောက် ပေးပို့သွားရန်၊

(ဂ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ (၇-၁၀-၂၀၂၀) ရက်အရောက် ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် (၈-၁၀-၂၀၂၀) ရက်မှ (၂၁-၁၀-၂၀၂၀) ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ (၈-၁၁-၂၀၂၀) ရက်နေ့ ညနေ ၄ နာရီ ထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

၃။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် အပိုဒ် ၂ (ဃ) ပါကြိုတင်ဆန္ဒမဲ ပေးမည့်ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက် ကြိုတင် အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်သည်။

၄။ ဆေးရုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် (၂၆-၈-၂၀၂၀) ရက်နေ့ နောက်ပိုင်းတွင်မှ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ကုသရသူများနှင့် အချုပ်ခံနေရသူများရှိပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပတွင်ရောက်ရှိနေသော သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာအကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေး ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရှမ်းရွာသစ်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ စဉ့်ကိုင်(စိုက်ပျိုးရေး)တွင် ၃ ဒသမ ၈၀ လက်မ၊ ဗန်းမော်မြို့တွင် ၃ ဒသမ ၇၉ လက်မ၊ ရွှေကူမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဟသ်္ဂတမြို့တွင် ၃ ဒသမ ၀၄ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ကသာမြို့တွင် ၂ ဒသမ ၅၉ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ချောင်းဦးမြို့နှင့် ရွှေတောင်မြို့တို့တွင် ၂ ဒသမ ၂၈ လက်မစီ၊ ရွှေဂူနီးတွင် ၂ ဒသမ ၁၂ လက်မ၊ ပုသိမ်ကြီး(စိုက်ပျိုးရေး)နှင့် ကျိုက္ကမီတို့တွင် ၁ ဒသမ ၉၃ လက်မစီနှင့် မော်လမြိုင်မြို့တွင် ၁ ဒသမ ၈၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ ( ၃၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၃၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော် က နိုင်ငံ၏ အဓိကစားသုံးသီးနှံများနှင့် ပြည်ပပို့ကုန်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး အထောက်အကူပြုသော သွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးများသုံးစွဲရာတွင် အရည်အသွေးစစ်မှန်သော ပိုးသတ်ဆေးများကို ထိရောက်စွာအသုံးပြုနိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စွာ လိုက်နာဆောင်ရွက်ရေးကိုလည်း သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် စိုးရိမ်စွာ ဖော်ပြနေကြသည့် ကန္တာရကျိုင်းကိစ္စနှင့် ပတ်သက်၍ သီးနှံကာကွယ်ရေးဌာနမှ ပညာရှင်များက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးနှင့် ဟုမ္မလင်းဒေသများသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ကန္တာရကျိုင်းအမျိုးအစား မဟုတ်ပါကြောင်း၊ ဒေသတွင် နဂိုရှိပြီး အမျိုးအစားများဖြစ်၍ ဖျက်ဆီးမှု မရှိပါကြောင်း၊ ကောလင်း၊ ဝန်းသိုနှင့် ရခိုင်ပြည်နယ် သံတွဲမြို့တို့တွင် တွေ့ရသော နှံကောင် အမျိုးအစားများမှာလည်း နိုင်ငံအတွင်း မူလရှိပြီးဖြစ်သော ကော်ဖီနှံကောင် (Coffee Locust) ဖြစ်ကြောင်း၊ အကောင်နမူနာအရှင်များကို စစ်ဆေးမျိုးခွဲ၍ တွေ့ရှိရပါကြောင်း၊ စိုက်ပျိုးပညာပေးဝန်ထမ်းများကိုလည်း ကန္တာရကျိုင်း (နှံကောင်)နှင့် ပတ်သက်၍ အထူးသတိထား စောင့်ကြည့်ခြင်း၊ ခွဲခြားသိမြင်နိုင်ရေးအတွက် ခွဲခြားနည်းများအား ရှင်းလင်းအသိပေးထားပြီးဖြစ်ကာ နှိုးဆော်ချက်များကိုလည်း ထုတ်ပြန်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း ပြောကြားသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးသုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ပိုးသတ်ဆေး၏ အကျိုးအာနိသင် ထိရောက်မှုရှိစေရန် တို့ကို ရည်ရွယ်၍ ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့် လိုင်စင်နှင့် ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးခွင့် လိုင်စင်ခွင့်ပြုခြင်းများကို ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ အလားတူ ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပိုးသတ်ဆေးဓာတ်ခွဲခန်းများ တိုးချဲ့ခြင်း၊ ခေတ်မီစက်ကိရိယာများ ဖြည့်ဆည်းပေးခြင်းလုပ်ငန်းများအပြင် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးအတွက် ပညာပေးခြင်းလုပ်ငန်း များနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ထိန်းချုပ်သော လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အကြိမ် (၃၀)မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၃၆၇၄ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ယနေ့ကျင်းပပြုလုပ်သည့် (၃၁) ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်နည်းပညာကော်မတီက စိစစ်ထောက်ခံတင်ပြလာသည့် ပိုးသတ်ဆေး အမျိုးပေါင်း ၃၉၅ မျိုး မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း၊ သက်တမ်းတိုးမှတ်ပုံတင်ခွင့်ပြုထားသည့် ပိုးသတ်ဆေး ၁၉၇ မျိုး၊ ခြောက်လအထက် မှတ်ပုံတင်နှင့်လိုင်စင် သက်တမ်းလွန်သော ဖျက်သိမ်းပိုးသတ်ဆေးများနှင့် ကုမ္ပဏီများမှတင်ပြလာသည့် ပယ်ဖျက်ရမည့်ပိုးသတ်ဆေး များ စုစုပေါင်း ၁၀၁မျိုးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းအဆင့်(၁) ဖြစ်သည့် ရန်ကုန်- တောင်ငူ ရထားလမ်းပိုင်း၏ (၃၈) ကြိမ်မြောက် စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှုညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အဆင့် (၁)ဖြစ်သည့် (ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း)နှင့် စပ်လျဉ်း၍ (၃၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂**

ဂျပန်နိုင်ငံ ODA Loan ဖြင့် ဆောင်ရွက်သည့် ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အဆင့်(၁)ဖြစ်သည့် (ရန်ကုန်-တောင်ငူရထားလမ်းပိုင်း)နှင့် စပ်လျဉ်း၍ (၃၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့် အထွေထွေမန်နေဂျာများ၊ JICA Myanmar Office Yangon, စီမံကိန်းအတိုင်ပင်ခံအဖွဲ့ (Construction Management Consultant) နှင့် Civil Works and Signaling System လုပ်ငန်းကန်ထရိုက်တာများ ဖြစ်ကြသော ဂျပန်နိုင်ငံမှ FNS-JV ကုမ္ပဏီ၊ TEKKEN-RN JV ကုမ္ပဏီနှင့် TOKYU ကုမ္ပဏီတို့ပါဝင်သော စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တင်ပြဆွေးနွေး**

အစည်းအဝေးတွင် စီမံကိန်းအတိုင်ပင်ခံအဖွဲ့မှ စီမံကိန်းဆိုင်ရာ တိုးတက်မှုများ၊ ကိုဗစ်-၁၉ ကာလအတွင်း ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား တင်ပြဆွေးနွေးခြင်းနှင့် ကန်ထရိုက်တာများက လုပ်ငန်းခွင်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား Video Conferencing ဖြင့် တင်ပြဆွေးနွေးကြသည်။

**စီမံကိန်းကြီးတစ်ခုဖြစ်**

ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသော စီမံကိန်းကြီးတစ်ခုဖြစ်ပါကြောင်း၊ စီမံကိန်းကို စောနိုင်သမျှ ဆောလျင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ပြည်သူများအနေဖြင့် စီမံကိန်း၏ အသီးအပွင့်ကို ဆောလျင်စွာ ခံစားရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကိုလည်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိကထား ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကာလ ရင်ဆိုင်ကြုံတွေ့နေရသော်လည်း စီမံကိန်းအား သတ်မှတ်ကာလအမီ ပြီးစီးနိုင်ရေး အတွက် မြန်မာ့မီးရထားမှ အရာထမ်းများနှင့်အမှုထမ်းများ၊ စီမံကိန်းအတိုင်ပင်ခံအဖွဲ့နှင့် လုပ်ငန်းကန်ထရိုက်တာများ အနေဖြင့် အထူးအလေးထား ပူးပေါင်းဆောင်ရွက် ပေးစေလိုကြောင်း မှာကြားသည်။ **သတင်းစဉ်**



ချင်းပြည်နယ်အတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ၄/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အမှာစကားပြောကြားစဉ်။

# ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဟားခါး ဇူလိုင် ၂**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်အတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ၄/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်၏ သဘာဝတောတောင် ရေမြေအလှတရားများနှင့် ပြည်နယ်အတွင်းထင်ရှားသည့် အထင်ကရနေရာများနှင့်အတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လာရောက်ကြသည့် ခရီးသွားပြည်သူများ အပန်းဖြေစိတ်ကျေနပ်မှု ရှိစေရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက ပြည်နယ်အတွင်းရှိသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလားတူခရီးသွားပြည်သူများ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်ဇုန်များနှင့် တည်းခိုနေထိုင်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးမှုများအပေါ် ဒေသနှင့် ကိုက်ညီပြီး လက်ရှိအခြေအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ကိုဗစ် -၁၉ ကာလအလွန် ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ကုစားနိုင်ရေးတို့အတွက် ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

**ခရိုင်(ပြန်/ဆက်)**

# ရထားစီးခရီးသည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရထားများပေါ် ခိုး၊ ဆိုး၊ နှိုက်များနှင့် တရားမဝင် ဈေးရောင်းချသူများ ကာကွယ်တားဆီးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ရထားစီးခရီးသည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရထားများပေါ် ခိုး၊ ဆိုး၊ နှိုက်များနှင့် တရားမဝင် ဈေးရောင်းချသူများအား ကာကွယ်တားဆီးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ့မီးရထား(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့် က ရထားစီး ခရီးသည်များအနေဖြင့် ရထားများပေါ်တွင် ၎င်းတို့၏ ဖုန်းများ၊ ပစ္စည်းများ မကြာခဏ ခိုးယူလုယက်ခံရမှုများ ဖြစ်ပွားနေပြီး အဆိုပါကိစ္စများသည် သတင်း၊ မီဒီယာများပေါ်၌ ပျံ့နှံ့နေကြောင်း၊ ရန်ကုန် - မန္တလေး လမ်းပိုင်း၌ ယခင်က ရထား ၁၀ စင်းပြေးဆွဲခဲ့ပြီး ယခု ကိုဗစ်-၁၉ ကာလတွင် လေးစင်းသာ ပြေးဆွဲနေကြောင်း၊ ခရီးသည်စီးနင်းမှု နည်းပါးသည့် အခြေအနေကို အခွင့်ကောင်းယူ၍ ပျဉ်းမနားနှင့် တောင်ငူ ဘူတာကြား၌ ခိုး၊ ဆိုး၊ နှိုက်သည့်ဖြစ်စဉ်များ ဖြစ်ပွားမှုများပြားနေခြင်းကြောင့် မည်ကဲ့သို့ ကာကွယ်တားဆီးအရေးယူဆောင်ရွက်မည်ကို ခေါ်ယူညှိနှိုင်းရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသူများက ရထားများပေါ်တွင် ခရီးသည်များ၏ ပစ္စည်းများ ခိုးယူခံရသည့် ဖြစ်စဉ်များကို ဖော်ပြပြီး မြန်မာ့မီးရထား တာဝန်ရှိသူများက ဘူတာနှင့် ရထားများပေါ်တွင် လိုက်ပါစစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရထားရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့မှူး ရဲမှူးကြီး တင့်လွင်နှင့် ဒုတိယရဲမှူးကြီး လားလ်ဗဟာဒူးတို့က ရှောင်တခင်စစ်ဆေးရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ရထားရဲ အင်အားများကို ထုတ်နုတ်စုစည်း၍ ဘူတာနှင့် ရထားများပေါ်တွင် လိုက်ပါစစ်ဆေးရန် စီမံချက်ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ နယ်မြေခံရဲတပ်ဖွဲ့များ၊ မြန်မာ့မီးရထားဝန်ထမ်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အစည်းအဝေး ဆွေးနွေးညှိနှိုင်းချက်များအရ ပျဉ်းမနားနှင့် တောင်ငူဘူတာကြား၌ ခိုးမှု၊ လုယက်မှုများဖြစ်ပွားခဲ့ခြင်းအပေါ် လျော့နည်းကျဆင်းစေရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ရထားရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဘူတာယာဒ်ဝင်း၊ ရထားများပေါ်တွင် စောင့်ကြည့် စစ်ဆေးခြင်းများပြုလုပ်ပြီး တွေ့ရှိပါက ထိရောက်သောအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

## မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း၊ မော်တော်ယာဉ် အရောင်းစင်တာအရောင်းပြခန်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းအပေါ် တွေ့ကြုံရသော အခက်အခဲများကို ကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး မော်တော်ယာဉ် တင်သွင်းမှုမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက် ၂၆ခု အပါအဝင် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ပေါင်း ၂၄၀ ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မော်တော်ယာဉ် တင်သွင်းရာတွင် ဌာနများမှ အခက်အခဲပြဿနာများကို စုပေါင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ထိရောက်မှုများရှိလာပြီး ပြဿနာအခက်အခဲများ တဖြည်းဖြည်းလျော့နည်းလာကြောင်းနှင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနများမှတင်ပြချက်များကို တက်ရောက်လာကြသော ကော်မတီဝင်များမှ ဆွေးနွေးခဲ့ပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ ကော်မတီဝင်ဌာနများ၏ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဥပဒေဘာသာပြန်ကော်မရှင် သတ္တမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ဥပဒေဘာသာပြန် ကော်မရှင်၏ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ဥပဒေဘာသာပြန်ကော်မရှင်က အင်္ဂလိပ်ဘာသာဖြင့်ရှိနေသော တည်ဆဲဥပဒေများကို ဘာသာပြန်ဆို ထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ အဖွဲ့ငယ်များ၊ လုပ်ငန်းကော်မတီများက အဆင့်ဆင့် စိစစ်တင်ပြသည့် မြန်မာဘာသာပြန်ဆိုချက်များကို ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခြင်းဖြစ်ရာ ယနေ့အစည်းအဝေးသည် သတ္တမအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်၏ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ဘာသာပြန်ဆိုရန်ရှိသည့် ဥပဒေများအနက်မှ ဥပဒေ ၂၄ ခု ကို မြန်မာဘာသာပြန်ဆို၍ ထုတ်ပြန်ပြီးပါကြောင်း၊ အတည်ပြုထုတ်ပြန်ပြီးသော ဥပဒေများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ဝေခဲ့ကြောင်း၊ စာအုပ်အမှတ်စဉ် ၇ အထိ ဖြန့်ချိပြီးဖြစ်ကြောင်း၊ ကော်မရှင်က အတည်ပြုထုတ်ပြန်သော မြန်မာဘာသာပြန်ဆိုချက်သည် မူရင်းဥပဒေနှင့် အလားတူ အာဏာတည်ပါကြောင်း၊ မြန်မာဘာသာပြန်ဆိုမည့် ဥပဒေများကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးဟူ၍ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ဝင် များနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအားလုံး ကြိုးပမ်းဆောင်ရွက်ကြသဖြင့် ဥပဒေဘာသာပြန်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်လျက်ရှိပါကြောင်းနှင့် ယခုအစည်းအဝေးတွင် တင်ပြထားသည့် ဥပဒေများ၏ မြန်မာဘာသာ ပြန်ဆိုချက်များကို ဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင် အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆည်တော်ကြီး ဆည်ရေသောက်စနစ်မှ ရေပေးမြောင်းအလိုက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းကာ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေ

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံမှ မန္တလေးခရိုင်အတွင်းရှိ မတ္တရာ၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်အတွင်းသို့ စိုက်ပျိုးရေပေးဝေလျက်ရှိရာ ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာ ရေသောက်စနစ်တွင် ဆည်ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက အဆိုပါကျေးရွာကျောက်သံပတ်မြောင်း နန္ဒာရှင်းလင်းဆောင်တွင် ကျင်းပသည်။ **(အောက်ပုံ)**

ရေးဦးစွာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဒေါက်တာဇော်လွင်ထွန်း၊ အင်ဂျင်နီယာချုပ် (စက်မှု) ဦးထွန်းကျော်စိုးနှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်တို့က ဖွဲ့စည်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားခြင်းနှင့် ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များနှင့် ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေအသုံးချသူများအဖွဲ့ WUG အဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကာ အဖွဲ့အသီးသီးအား အမှတ်တရလက်ဆောင်များ၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသည့် တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်သံပတ်မြောင်းမှ စိုက်ပျိုးရေများကို ပေးဝေလျက်ရှိရာ လက်ရှိတွင် နွေစပါး ၁၇၇၅ ဧကရိတ်သိမ်းနေပြီး မိုးစပါး ၂၁၆၃ ဧက စိုက်ပျိုးနိုင်ရေး လျာထားလျက်ရှိကာ တောင်သူများ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



● *ကျောဖုံးမှ*

ပြိုင်ဘက်အသင်းကို အသီးသီးရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာစာရရှိရန် ကြိုးစားနေသော မန်ယူနှင့် ဝုဖ်အသင်းတို့အနေဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် နီးစပ်လာခဲ့ပြီဟု ဆိုရမည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၃၂) ကစားပြီးချိန်တွင် ရမှတ် ၅၂ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေပြီး အဆင့် (၃) နေရာမှ လက်စတာအသင်းနှင့် သုံးမှတ်သာ ကွာဟတော့ပြီး အဆင့်(၄) နေရာမှ ချယ်လ်ဆီးအသင်းနှင့် နှစ်မှတ်သာကွာဟတော့သည့် အနေအထားသို့ ရောက်ရှိလာသည်။ ဝုဖ်အသင်းသည်လည်း မန်ယူအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့်(၆)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားကောင်းလာသည့်အသင်းဖြစ်သည်။

ထို့ကြောင့် ယခုသီတင်းပတ်တွင် အဆင့် (၆)နှင့် (၇)နေရာတို့တွင် ရပ်တည်နေသည့် ဝုဖ်နှင့် အာဆင်နယ်အသင်းတို့ တွေ့ဆုံနေသည့်အတွက်ကြောင့်လည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။ ဝုဖ်အသင်းသည် အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့မည်ဆိုပါက ရမှတ် ၅၅ မှတ်အထိ စုဆောင်းနိုင်မည်ဖြစ်ပြီး ထိပ်ပိုင်းအသင်းများ နိုင်ပွဲနှင့် လွဲချော်နေဦးမည်ဆိုလျှင် အဆင့်(၄)နေရာအထိ တက်လှမ်းနိုင်ခွင့်ရှိနေသည်။ အာဆင်နယ်အသင်းကလည်း ဝုဖ်အသင်းကို အနိုင်ရရှိမည်ဆိုပါက ထိပ်ပိုင်းအသင်းများနှင့် ရမှတ်ကွာဟမှုလျှော့ချနိုင်မည့် အခွင့်အရေးရှိနေသည်။

ဝုဖ်အသင်းသည် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိခဲ့သလို အာဆင်နယ်အသင်းကလည်း နောက်ဆုံးသုံးပွဲဆက် အနိုင်ရရှိထားသည်။ မည်သို့ပင်ဆိုစေ ဝုဖ်အသင်းရော အာဆင်နယ်အသင်းပါ ကိုဗစ် - ၁၉ ကြောင့် ဘောလုံးပွဲစဉ်များ ပြန်လည်စတင်ချိန်တွင် ခြေစွမ်းတိုးတက်လာသည်ဟု ဆိုရပေမည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ပွဲကျပ်များကို ဆက်တိုက်ကစားရဖွယ်ရှိနေသည်။

ဝုဖ်အသင်းနှင့်ပွဲစဉ်ပြီးပါက လက်စတာ၊ စပါး၊ လီဗာပူး စသည့်အသင်းကြီးများနှင့် ဆက်တိုက်ကစားရန် ကျန်ရှိနေသေးသည့်အတွက် အားကစားကျွမ်းကျင်သူများက အာဆင်နယ်အသင်းအနေဖြင့် ဝုဖ်အသင်းကို နိုင်ခဲ့လျှင်တောင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခဲလေသမျှ သဲရေကျဖွယ်ရှိသည်ဟု သုံးသပ်ထားကြသည်။ **အောင်ဇော်**

# ယနေ့ မြန်မာ့သမဝါယမ

**ထွန်းလှိုင် (မြင်းခြံ)**

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၄)ရက် (စနေနေ့)**

**"Cooperatives for Climate Action"**

**"ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့"**

**ဥရောပနိုင်ငံများ၌ ခရစ်နှစ် ၁၈၀၀ကျော်က ပေါ်ပေါက်ခဲ့သော စက်မှုစနစ်တော်လှန်ရေး၏ လှိုင်းဂယက်ဒဏ်ကိုခံရသည့် အိမ်တွင်းစက်မှုလက်မှုအလုပ်သမားများနှင့် ရက်ကန်းသမားများသည် စီးပွားရေးနှင့် လူမှုရေး မတည်ငြိမ်မှုများနှင့် စီးပွားရေးကျပ်တည်းမှုဒုက္ခများမှ လွတ်မြောက်နိုင်စေရန် စုပေါင်းအားကိုဆောင်သည့် "သမဝါယမစနစ်"ကို တီထွင်ကြံဆရင်း သမဝါယမအသင်းများကို စတင်ဖွဲ့စည်းခဲ့ကြရင်း ကမ္ဘာ့သမဝါယမများလုပ်ငန်းများအောင်မြင်လာခဲ့ပါသည်။**

ခရစ်နှစ် ၁၈၄၄ ခုနှစ်၌ တည်ထောင်သော ရော့ကဒေးမြို့ သမဝါယမကုန်စုံဆိုင်အသင်း စတင်ဖွဲ့စည်းခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့သမဝါယမ သက်တမ်း ၁၇၆ နှစ် ရှိပေပြီ။ မြန်မာနိုင်ငံမှာ ခရစ်နှစ် ၁၉၀၅ ခုနှစ်ဇန်နဝါရီလ ၃ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ငွေစုငွေချေးအသင်း စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ချိန်မှစ၍ သမဝါယမ စတင်သန္ဓေတည်ခဲ့ရာ မြန်မာ့သမဝါယမသက်တမ်း ၁၁၅ နှစ် ရှိပါပြီ။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖွဲ့ချုပ် (International Co-operative Alliance- ICA) ကို ၁၈၉၅ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ရာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၂၅ နှစ်ရှိပြီး ၁၉၉၄ ခုနှစ် ကျင်းပသည့် (၄၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို "အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့"အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ICA အနေဖြင့် ICA အခမ်းအနားကို ၁၉၂၃ ခုနှစ်က စတင်ကျင်းပခဲ့ရာ (၉၇)ကြိမ်မြောက် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၅ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၁၉ ဇူလိုင်လ ၆ ရက်နေ့ စနေနေ့တွင် (၂၅)ကြိမ်မြောက် ICA Day အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၄ ရက်နေ့ စနေနေ့သည် မြန်မာနိုင်ငံအနေဖြင့် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ (၉၈)ကြိမ်မြောက် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်း (CCS) အနေဖြင့် ၇-၉-၁၉၉၃ ရက်နေ့တွင် အသင်းဝင်အဖြစ်ပါဝင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ၂၇ နှစ်ရှိပြီ ဖြစ်ပါသည်။ ခေတ်အဆက်ဆက် မြန်မာ့သမဝါယမများအနေဖြင့် ၁၉၀၄ ခုနှစ် သမဝါယမငွေစုငွေချေးအသင်းဥပဒေမှစ၍ ယနေ့ လိုက်နာကျင့်သုံးလျက်ရှိသည့် ၂၀၁၃ ခုနှစ် သမဝါယမအသင်း နည်းဥပဒေများအထိ ခေတ်အဆက်ဆက် နိုင်ငံအစိုးရများက ပြဋ္ဌာန်း၊ ပြင်ဆင်ရေးဆွဲပေးခဲ့သည့် အကြိမ်(၁၃)ကြိမ် ရှိပြီဖြစ်ပါသည်။

### ဆန္ဒအလျောက်ပါဝင်ရင်း လိုအင်ဆန္ဒပြည့်ရေးရည်ရွယ်

"သမဝါယမဆိုသည်မှာ ဆန္ဒအလျောက် ပူးပေါင်းကြသူတို့က မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းရန် အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့် အညီ ကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းဖြစ်သည့်အလျောက် မြန်မာ့သမဝါယမ မျှော်မှန်းချက်မှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးထမ်းဆောင်နိုင်ရန် လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ညီညွတ်မျှတသည့် လူမှုစီးပွားတည်ဆောက်မှု သမဝါယမပုံရိပ်လွှာကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးတိုးတက်စေရန်" ဖြစ်ပါသည်။ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့်နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်မှန်းချက် ဖြစ်ပါသည်။

သမဝါယမအသင်းသည် အသင်း၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းသာဖြစ်စေရန်နှင့် အသင်းသည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း၊ လွတ်လပ်စွာ ဖန်တီးခွင့်ရှိသော အဖွဲ့အစည်းဖြစ်စေရန် ကျင့်ဝတ်(၄)ဖြာ၊ အနှစ်သာရ(၆)ရပ်၊ အခြေခံမှု(၁၀)ရပ် ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ယနေ့မြန်မာ့သမဝါယမများအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၃၄၂ မြို့နယ်ကျေးရွာပေါင်း ၅၃၈၉၆ မှ မြို့နယ် ၃၀၇ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၅၂၇၆ တွင် သမဝါယမအသင်းသားပေါင်း ၄ ဒသမ ၂၅ သန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသင်းသားလယ်သမားများ လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် သမဝါယမအသေးစားချေးငွေအဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေမှ ငွေကျပ် ၆၅၂ ဒသမ ၉၅ ဘီလီယံ၊ ခြောက်လတစ်ကြိမ် အရင်းအတိုးပေးဆပ်သည့်စနစ်၊ သင့်တင့်မျှတသည့် အတိုးနှုန်းတို့ဖြင့် ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် (၁၃) ကြိမ်မြောက် ပြန်လည်ကောက်ခံပြီး (၁၄)ကြိမ်မြောက် ပြန်လည်ထုတ်ချေးမည့် ခရီးပေါက်ခဲ့ပါပြီ။

### စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအလေးထား

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သမဝါယမကဏ္ဍနှင့် ပတ်သက်ပြီး ရည်မှန်းချက်(၃)ရပ်၊ မူဝါဒ(၅)ရပ်၊ လုပ်ငန်းစဉ်(၉)ရပ်ပါ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းနိုင်ရန် အဆိုပါချေးငွေမှ ကိုရီးယားလယ်ယာသုံးစက်စီးရေ ၆၄၂၀ စီး တန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၃၅ ဘီလီယံကျော် အရစ်ကျစနစ်ဖြင့် ရောင်းချပေးထားပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခု၊ မြို့နယ် ၁၀၂ မြို့နယ်ရှိအသင်း ၁၂၄၉ သင်းမှ အသင်းသားများသို့ ဓာတ်မြေဩဇာအိတ်ပေါင်း ၁၁၀၀၄၇ အိတ်၊ တန်ဖိုးငွေကျပ် ၃၂၆၃ ဒသမ ၅၀၈ သန်း၊ ပိုးသတ်ဆေး ၁၃၉၃၃ အိတ် အပါအဝင် ဆေးပစ္စည်းများတန်ဖိုးငွေကျပ် ၈၀၀ ဒသမ ၁၁

> **"တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် သမဝါယမကဏ္ဍမှလည်းပါဝင်၍ ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်သည် လူ့အခွင့်အလမ်းကို အာမခံသောစနစ်ဖြစ်သည်။ လူ့အခွင့်အရေး လွတ်လပ်မှုနှင့်အတူ ဈေးကွက်လွတ်လပ်မှုကို လက်ခံကျင့်သုံးသော ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်။ ဒီမိုကရေစီစနစ်နှင့် ဘက်ညီစွာ ကျွဲကူးရေပါသဘော ဖြစ်လာသည်။ ဈေးကွက်စီးပွားရေးစနစ်ဟူသည် ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းထဲမှ လူတစ်ဦးချင်းစီ၏ လွတ်လပ်သော ဆန္ဒသဘောအတိုင်း မိမိတို့တန်ဖိုးထား နှစ်သက်သော ရွေးချယ်ခွင့်ရှိသော ဝယ်သူကို အလေးထားသောစနစ်ဖြစ်သည်။ သမဝါယမစနစ်သည် မွန်မြတ်သောလုပ်ငန်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး ပျံ့နှံ့ခဲ့ပြီး ယနေ့တိုင် တည်တံ့နေခြင်းဖြစ်"**

သန်း စသည့်လယ်ယာသွင်းအားစုပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၄၀၈၄ ဒသမ ၄၁၇ သန်း တန်ဖိုးရှိ သွင်းအားစုများ ဖြန့်ဖြူးရောင်းချ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများ ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခု၊ မြို့နယ် ၁၁၄ မြို့နယ်တွင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း ၆၀၊ မြို့နယ်သမဝါယမအသင်းစု ဝန်ဆောင်မှုလုပ်ငန်းခွဲ ၇၇ သင်း စုစုပေါင်း ၁၃၇ သင်းတို့မှ လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ထွန်ယက်ပြုပြင်ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းတို့အား ရိတ်သိမ်းခြွေလှေ့စက် ၉၇ စီးနှင့် ထွန်စက်ကြီး ၇၃၉ စီး စုစုပေါင်း ၈၃၆ စီးဖြင့် လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို ရာသီချိန်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံအတွင်း သမဝါယမအသင်းပေါင်း ၄၀၃၁၅ သင်းမှ အသင်းသားပေါင်း ၄ ဒသမ ၂၅ သန်း အသင်းသားတစ်ဦးလျှင် မှီခိုသူ ပျမ်းမျှငါးဦးနှုန်းဖြင့် ပြည်သူဦးရေသန်း ၂၀ ကျော် မြန်မာ့လူဦးရေ ၅၄ ဒသမ ၄ သန်း၏ ၄၀ ရာခိုင်နှုန်းကျော် အဆိုပါချေးငွေများ ကူညီထောက်ပံ့ခံစားလျက်ရှိပါသည်။

သမဝါယမလုပ်ငန်းများကို သမဝါယမဦးစီးဌာန ဝန်ထမ်းပေါင်း ၅၇၇၀၊ အသင်းအမှုဆောင်နှင့်ဝန်ထမ်း ၂၁၈၂၅၅ဦး သမဝါယမလောကသားများက တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ တာဝန်ယူဆောင်ရွက်လျက်ရှိကြပါသည်။

### ကိုဗစ်- ၁၉ ကာလ ကုစားမှုများ

လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ COVID-19 ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့်လုပ်ငန်းများ၏ စီးပွားရေးသက်ရောက်မှုများအပေါ် အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း၊ COVID- 19 စီးပွားရေး ကုစားမှုအစီအစဉ် (COVID- 19 Economic Relief Plan-CERP) နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးအပေါ်တွင် ထိခိုက်မှုသက်သာရေးစီမံချက်အရ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးရေးအတွက် မျိုးစေ့ထုတ်၊ သွင်းအားစု မြေဩဇာ၊ လယ်ယာဝန်ဆောင်မှု၊ ကန်ထရိုက်လယ်ယာလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်မှခွင့်ပြုပေးခဲ့ပါသည်။ သမဝါယမအသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေနှင့်အညီ အသင်းသားများ၏ဆန္ဒနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် တစ်ဦးချင်း၏ ပါဝင်ဆောင်ရွက်မှု၊ အသင်းတစ်ခုလုံး အစုအဖွဲ့လိုက်ဖွံ့ဖြိုးမှု၊ အသင်းသားပြည်သူများ အသိပညာ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများဖြစ်သည်။

သမဝါယမစနစ် အခန်းကဏ္ဍဖွံ့ဖြိုးစေရန် ရည်သန်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် သတင်းစာအယ်ဒီတာတစ်ဦး၏ အာဘော်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

" နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် သမဝါယမကဏ္ဍမှလည်းပါဝင်၍ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်သည် လူ့အခွင့်အလမ်းကို အာမခံသောစနစ်ဖြစ်သည်။ လူ့အခွင့်အရေး လွတ်လပ်မှုနှင့်အတူ ဈေးကွက်လွတ်လပ်မှုကို လက်ခံကျင့်သုံးသော ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ ဒီမိုကရေစီစနစ်နှင့်ဘက်ညီစွာ ကျွဲကူးရေပါသဘော ဖြစ်လာသည်။ ဈေးကွက်စီးပွားရေးစနစ်ဟူသည် ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းထဲမှ လူတစ်ဦးချင်းစီ၏ လွတ်လပ်သော ဆန္ဒသဘောအတိုင်း မိမိတို့တန်ဖိုးထား နှစ်သက်သော ရွေးချယ်ခွင့်ရှိသော ဝယ်သူကို အလေးထားသော စနစ်ဖြစ်သည်။ သမဝါယမစနစ်သည် မွန်မြတ်သော လုပ်ငန်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး ပျံ့နှံ့ခဲ့ပြီး ယနေ့တိုင် တည်တံ့နေခြင်းဖြစ်သည်။ ထို့ကြောင့် သမဝါယမစနစ်သည် ခေတ်အဆက်ဆက် မတိမ်ကောသော စနစ်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။"

### အောင်မြင်မှုများ၊ ဝေဖန်မှုများရှိခဲ့

ယနေ့ သမဝါယမများနှင့် ပတ်သက်၍ အောင်မြင်မှုများရှိသလို အလုံးစုံ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါသည်။ အချို့အချို့သော ပုံရိပ်ဆိုးများကြောင့် သမဝါယမအသင်းသားပိုင်နှင့် အများပိုင်ပစ္စည်း ချေးငွေပေါ် အတိုးနှုန်း၊ ဒေသနှင့် ကိုက်ညီမှုမရှိသည့် စက်ပစ္စည်းများရောင်းချမှု၊ သမဝါယမများ အများပြည်သူများ အားကိုးအားထားမပြုနိုင်၊ အများပိုင်ပစ္စည်းများဖြင့် တာဝန်ခံလုပ်ပြနေသော သမဝါယမများ၊ နိုင်ငံတော်ပိုင် သမဝါယမပိုင် အများပိုင်ပစ္စည်း စသည်တို့တွင် ၂၀၁၆ ခုနှစ်မှစတင်၍ ပိုမို ထောက်ပြဝေဖန်ဆွေးနွေးမှုများ ရှိလာပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၉ ခုနှစ် ရောဝတီတိုင်း ဓနုဖြူမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် သမဝါယမကဏ္ဍနှင့် ပတ်သက်၍ "သမဝါယမကဏ္ဍပါ ပါဝင်တဲ့အတွက် ကျေးလက်နေ တောင်သူတွေ စုပေါင်းလုပ်ဆောင်နိုင်မယ့် ၂၁ရာစုနဲ့ ကိုက်ညီတဲ့ သမဝါယမစနစ်ကို ကျေးလက်ဒေသတွေမှာ စနစ်တကျ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်" လို့ လမ်းညွှန်မှာကြားထားပါသည်။

သမဝါယမအသင်းများက အသင်းသားများအပေါ် အကျိုးပြုမှု၊ ယခင်၊ ယခု သမဝါယမအသင်းများ၏ အသင်းပိုင် ရင်းနှီးပစ္စည်းများ တိုးပွားလာမှုဒေတာ (Data) တွေက ဝေဖန်သူတွေကို မကျော်လွှားနိုင်သေးပါ။ ဓမ္မပဒ ၁၈၃ အဆုံးအမနှင့်အညီ မကောင်းမှုပယ် ယခင်အမှားသရုပ်ပြများထပ်မံမဖြစ်စေရေး ကောင်းဖွယ်ကိုယူ သမဝါယမအသင်းသားများ အကျိုး၊ ပြည်သူများအကျိုး သယ်ပိုးဆောင်ရွက်နိုင်မည့် (၂၁ရာစု) နှင့် ကိုက်ညီသော သမဝါယမစနစ်ကို သမဝါယမလောကသားများ သိရှိကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၄ ရက်နေ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ (ICA) အထိမ်းအမှတ်သမဝါယမ တပ်လှန့်သံအဖြစ် အသိပေးရေးသားလိုက်ရပါသည်။ ။

ရည်ညွှန်းကိုးကား

- သမဝါယမသဘောတရားနှင့် လက်တွေ့ပညာ၊ နိုင်ငံတော် သမဝါယမ ကျောင်းအုပ်ကြီး ဦးဘိုးဝန်
- ၁၉၅၁ ခေတ်အဆက်ဆက် မြန်မာ့သမဝါယမ၊ ဝင်းနိုင်ထွန်း (သမဝါယမတက္ကသိုလ်၊ စစ်ကိုင်း
- ဒေတာ (Data) များက သက်သေပြနေတဲ့ သမဝါယမပုံရိပ်၊ K ဇင်သစ် (မန်းတက္ကသိုလ်)
- အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ သိကောင်းစရာ စာစဉ်များ၊ သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ သမဝါယမရာပြည့် သမိုင်းမှတ်တမ်း၊ မှတ်တမ်း ပြုစုထုတ်ဝေရေး ဆပ်ကော်မတီ ၂၀၀၅

# ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အကြို သစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အကြို သစ်ပင်စိုက်ပျိုးခြင်းကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် မြို့ရှောင်လမ်း(V-4) လမ်း ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃) သစ်တောမြေနေရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အလုပ်အမှုဆောင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မန်ကျည်းပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ ပိတောက်ပင်နှင့် အော်ရေးရှားပင်များကို စိုက်ပျိုးခဲ့ကြသည်။ **(ယာပုံ)**

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အမျိုးသမီးကော်မတီများကလည်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ ဒေသအလိုက် သစ်ပင်များစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ် ကလူစေး၊ ကြာဆော်လမွန်၊ စောကျော်ညွှန့်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ကြောင့် အစည်းအဝေးသို့မတက်ရောက်နိုင်သည့် အဝေးရောက်ကိုယ်စားလှယ်များသည် Online Video Conferencing ဖြင့် တက်ရောက်သည်။

### သဘောတူညီချက်များစွာကို ရရှိခဲ့

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာ၌ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များ ရယူနိုင်ရန်အတွက် နှစ်ဖက်ညှိနှိုင်းရေးကိုယ်စားလှယ်များ (၄)ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး ယနေ့အစည်းအဝေးသည် (၅)ကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်ကိစ္စ၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုကိစ္စ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုကိစ္စများကို ဆွေးနွေးခဲ့ကြရာတွင် သဘောတူညီချက်များစွာကို ရရှိခဲ့ပြီး ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် စတုတ္ထအကြိမ် နှစ်ဖက် အလုပ်အဖွဲ့အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး ညှိနှိုင်းရန်ကျန်ရှိနေသည့် အချက်များနှင့်ပတ်သက်ပြီး နှစ်ဖက်သဘောထားများကိုလည်း ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေရသည့် ကာလအတွင်း အကန့်အသတ်များ ရှိနေသော်လည်း ယခုကဲ့သို့ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက်၊ အနာဂတ် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအတွက် ဆက်လက်ဖော်ဆောင်မည့် လမ်းညွှန်အခြေခံမှုများ၊ သဘောတူညီချက်များ ဖော်ထုတ်ရရှိနိုင်ရန်အတွက် နှစ်ဖက် ဆွေးနွေးဖက်များအကြားနားလည်မှုရှိရှိနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြသည့်အတွက် ဝမ်းသာအားရပါကြောင်း။

ယနေ့ အစည်းအဝေးတွင်လည်း နှစ်ဖက်လိုလားချက်များကို တစ်ဖက်နှင့်တစ်ဖက် ယုံယုံကြည်ကြည်ဆွေးနွေးညှိနှိုင်းကြပြီး ဦးစားပေးဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များ သဘောတူညီချက်များကို ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

NCA ၏ အဓိကလုပ်ငန်းကဏ္ဍကြီး နှစ်ရပ်ဖြစ်သည့် နိုင်ငံရေးဆွေးနွေးမှုပိုင်းနှင့် တပ်ပိုင်းဆိုင်ရာတို့ကို ဟန်ချက်ညီ အကောင်အထည်ဖော်ရန်လိုအပ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များ ရယူနေသလို တစ်ဖက်တွင်လည်း လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ ၂၀၂၀ အလွန်တွင် မည်သို့မည်ပုံ ဆွေးနွေးမည်၊ မည်ကဲ့သို့သောသူများနှင့် ဆွေးနွေးမည်ဆိုသည်ကို ဇွန် ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် အစိုးရနှင့် NCA-S EAO တို့၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ခိုင်မာရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် သဘောတူညီမှုများ ရရှိခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးကြောင့် နှစ်နှစ်နီးပါး မကျင်းပနိုင်ခဲ့သည့် JMC-U အစည်းအဝေးကို ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ပြန်လည်ကျင်းပနိုင်မည်ဖြစ်ပြီး အပစ်ရပ်ခိုင်မာရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့အားလုံး လိုလား၊ လက်ခံထားကြသည်မှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဖြစ်ပါကြောင်း၊ တစ်ဖက်၏ လိုလားချက်၊ သဘောထားများကို တစ်ဖက်က နားလည်လက်ခံပြီး နှစ်ဖက် လက်ခံနိုင်သည့် ရလဒ်ကောင်းများရရှိစေရန် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ရည်မှန်းထားသည့်အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပ၍ ပြည်ထောင်စုသဘောတူ စာချုပ်အစိတ်အပိုင်း (၃) ချုပ်ဆိုရန်နှင့် စာချုပ်တွင် အရေးပါသည့် သဘောတူညီချက်များ ပါဝင်ချုပ်ဆိုနိုင်ရန်အတွက် မိမိတို့ ဆွေးနွေးဖက်များအကြား တာဝန်ရှိသလို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

### ဆက်လက်ကြိုးပမ်းညှိနှိုင်းကြမည်

ဆက်လက်၍ NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်းက ပြီးခဲ့သည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးတွင် ချန်ထားခဲ့သည့် ဆက်လက်ညှိနှိုင်းရန်အချက်များကို ယနေ့အစည်းအဝေးတွင် သဘောတူညီချက်ရရှိရန် ကြိုးပမ်းညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ မူအားဖြင့် သဘောတူထားသည့်အချက်များကို အပြီးသတ် သဘောတူညီမှုရရှိရန် ဆက်လက်ကြိုးပမ်းညှိနှိုင်းကြမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) တွင် ထည့်သွင်းချုပ်ဆိုကြမည့် အကြောင်းအရာများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အခြေအနေအောက်တွင် ကျင်းပရနိုင်ဖွယ်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေးဆိုင်ရာ အခင်းအကျင်းများ၊ UPDJC အစည်းအဝေး၊ JICM အစည်းအဝေးကျင်းပရေးကိစ္စများကို ပြီးခဲ့သည့် အစည်းအဝေးတွင် သဘောတူထားပြီးဖြစ်၍ အသေးစိတ်အချက်အလက်များကို ဆက်လက်ဆွေးနွေးသွားရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို လာမည့် ဩဂုတ်လအတွင်း ကျင်းပရန် သဘောတူညီထားပြီးဖြစ်ကာ လျာထားသည့်အတိုင်း အချိန်မီကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားသည့် နိုင်ငံရေးပါတီများအတွက် ကြိုတင်ပြင်ဆင်ချိန် အလုံအလောက်ရရှိရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ညီလာခံကို ကိုဗစ်-၁၉ ကပ်ရောဂါကာလအခြေအနေအောက်တွင် ကျင်းပရမည်ဖြစ်၍ ညီလာခံအခင်းအကျင်းအား ပြောင်းလဲကျင်းပရန်ရှိသော်လည်း အားလုံးလက်ခံသည့် ညီလာခံရလဒ်ရရှိရေးအတွက် အစုအဖွဲ့အသီးသီး၊ အလွှာအသီးသီးက ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်နိုင်ရေး ကြိုးပမ်းစီစဉ်ဆောင်ရွက်သွားရန် လိုပါကြောင်း။

ယခုညှိနှိုင်းအစည်းအဝေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပါအရာရောက်သည့် အစည်းအဝေးဖြစ်သည်နှင့်အညီ အစည်းအဝေးရလဒ်ကို အားလုံးက စိတ်ဝင်တစားစောင့်ကြည့်နေသည်ဖြစ်၍ ရလဒ်ကောင်းရရှိရန် ကြိုးပမ်းရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း၊ အားလုံးကျေနပ်လက်ခံပြီး ပြီးပြည့်စုံသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ရေး၊ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်များ ချောချောမွေ့မွေ့ဖြင့် ရှေ့ဆက်ချီတက်သွားနိုင်ရေးအတွက် ယခုညှိနှိုင်းအစည်းအဝေးတွင် ဝိုင်းဝန်းကြိုးပမ်း ညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် (၈)ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးမှ ရရှိလာသည့် နှစ်ဖက် ဆွေးနွေးညှိနှိုင်းချက်များအား သီးခြားစီ အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးသုံးသပ်၍ ဇူလိုင် ၄ ရက်တွင် အစည်းအဝေးကို ပြန်လည်ကျင်းပကာ နှစ်ဖက်သဘောတူညီချက်များ ရယူညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွန့်**

❁ *ကျောဖုံးမှ*

၄။ သို့ပါ၍ ၂၀၂၀ ပြည့်နှစ် ဇွန်လ (၁) ရက်မှ (၃၀) ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ)) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်ထိ စုစုပေါင်း(၁၅၀)ယူနစ်ကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၅။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အား သုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခ ကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀) အတွက် ဓာတ်အားခ ကျသင့်ငွေ (၁၁၅၅၀/-) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့်အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## လယ်ဝေးတွင် အဆင့်မြင့် ခေတ်မီစပါးအခြောက်ခံစက်ဖြင့် တောင်သူအကျိုးပြုဝန်ဆောင်မှုပေး

**လယ်ဝေး ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အမှတ် (၄၇)စက်မှုလယ်ယာစခန်းမှ တောင်သူများ၏ အခက်အခဲများကို ဖြေလျှော့ပေးနိုင်ရန်အတွက် အဆင့်မြင့် ခေတ်မီ စပါးအခြောက်ခံစက်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အမှတ် (၄၇) စခန်းက လယ်ဝေးနဲ့ ဒက္ခိဏသီရိ နှစ်မြို့နယ်ကို တာဝန်ယူ ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးရိတ်တဲ့အချိန်က မိုးကြိုကာလဖြစ်နေတော့ တောင်သူတွေအနေနဲ့ သီးနှံခြောက်သွေ့အောင်လှန်းဖို့၊ လယ်ယာလုပ်သားရှားပါးမှုနဲ့ သီးနှံအရည်အသွေးကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါတွေကို ဖြေလျှော့ပေးနိုင်ဖို့ လယ်ဝေးမြို့ အမှတ်(၄၇) စက်မှုလယ်ယာစခန်းမှာ တစ်ရက် တင်း ၅၀၀ ကျ စပါးအခြောက်ခံ စက်နဲ့ တောင်သူတွေကို ဝန်ဆောင်မှုပေးနေပါတယ်။ တစ်တင်းကို ငွေကျပ် ၂၀၀ နှုန်းနဲ့ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ၂၀၁၉ နိုဝင်ဘာမှာ စတင်စမ်းသပ်တာဖြစ်ပြီး အခုထိ စပါးတင်း ၂၄၀၀ ကျော် အခြောက်ခံ ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်"ဟု လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးစန်းမျိုးထက်က ပြောကြားသည်။

လယ်ဝေးမြို့နယ် အမှတ်(၄၇)စက်မှုလယ်ယာစခန်းမှ စပါးအခြောက်ခံစက်ဖြင့် တောင်သူများ နွေစပါးရိတ်သိမ်းချိန်တွင်ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေလျှော့ပေးနိုင်ပြီး သီးနှံများ အချိန်မီခြောက်သွေ့စွာ သိုလှောင်နိုင်ခြင်း၊ သီးနှံများ အရည်အသွေးကောင်းမွန်ကာ ဈေးကောင်းရရှိစေခြင်း စသည့်အကျိုးကျေးဇူးများဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❑ *ကျော်ဖုံးမှ*

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောသည်။

တရုတ်နိုင်ငံရှိ ဝက်များတွင် တွေ့ရှိရသည့် ရောဂါသည် ကပ်ရောဂါဗိုင်းရပ်စ်အသစ် ဖြစ်နိုင်ကြောင်း သတင်းများလည်း လတ်တလောတွင် ထွက်ပေါ်လျက်ရှိသည်။

"ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က တရားဝင်အတည်ပြုထုတ်ပြန်ထားခြင်း မရှိသေးတဲ့အတွက် အတိအကျ ပြောလို့မရသေးပါဘူး။ တကယ်လို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ထုတ်ပြန်မှုရှိခဲ့ရင်တော့ ကျွန်တော်တို့နိုင်ငံက ဝက်မွေးမြူသူတွေ မထိခိုက်အောင် ဆောင်ရွက်ရမယ့်အစီအမံတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း ဝက်တွေမှာ ဖြစ်ပွားတတ်တဲ့ ရောဂါတွေနဲ့ ပတ်သက်တဲ့ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ် " ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။



မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း

မြန်မာနိုင်ငံတွင် ဝက်များ၌ ဖြစ်တတ်သော ရောဂါများအပါအဝင် တိရစ္ဆာန်ရောဂါများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဓာတ်ခွဲခန်းများတွင် တိကျစွာ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်ဝက်မွေးမြူရေးကို ထိခိုက်နိုင်သည့် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) နှင့်ပတ်သက်၍ သွေး(Whole Blood)နှင့် သွေးရည်ကြည်နမူနာ (Serum Sample) ပစ္စည်းများကို ဒေသဆိုင်ရာဓာတ်ခွဲခန်းတွင် (Rapid Test Kit) ဖြင့် အမြန်စစ်ဆေးခြင်း၊ ဇီဝလုံခြုံမှုအဆင့်(၂)ရှိ Reference Labs များဖြစ်သည့် ရန်ကုန်နှင့်မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတို့တွင် (Real Time PCR) ဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကယားပြည်နယ်မှာ ဝက်သေဆုံးမှုတွေ့ရှိခဲ့တဲ့အတွက် နမူနာပစ္စည်းတွေရယူပြီး ဓာတ်ခွဲခန်းမှာ စစ်ဆေးလျက်ရှိပါတယ်။ စစ်ဆေးချက်တွေအရ ဝက်အားနည်းရောဂါ Porcine Circovirus Type-2 (PCV-2) ဖြစ်ပွားတာတွေ့ရတဲ့အတွက် ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တခြားနေရာတွေကို မကူးစက်အောင် ရောဂါထောက်လှမ်းစစ်ဆေးမှုတွေကိုလည်း ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ အဆက်မပြတ်ဆောင်ရွက်နေပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

မြန်မာနိုင်ငံတွင် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) ဖြစ်ပွားမှုကို ၂၀၁၉ ခုနှစ်တွင် ရှမ်းပြည်နယ်ရှိ မိုင်းလား၊ ပန်ဆန်း၊ မိုင်းယောင်းနှင့် မိုင်းဖြတ်တို့တွင်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ်ရှိ လားရှိုး၊ မိုးမောက်(ဒွေါဖုန်းယန်)နှင့် ဧပြီလက ညောင်ရွှေ(အင်းလေး) ဒေသတို့တွင် လည်းကောင်း တွေ့ရှိခဲ့ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

"အဓိက ကတော့ ဝက်မွေးမြူတဲ့သူတွေအနေနဲ့ မွေးမြူတဲ့အခါ ရောဂါကူးစက်မှုမရှိအောင် ဝက်တွေကို လွတ်ကျောင်းတဲ့ အလေ့အထအစား ခြံနဲ့ သန့်ရှင်းစွာမွေးမြူဖို့ အကြံပြုလိုပါတယ်။ ပြီးတော့ ကျွန်တော်တို့ဆီမှာက အစာကို စာကြွင်းစားကျန် ကျွေးတဲ့အလေ့အထရှိနေသေးတဲ့အတွက် ဒီလိုကျွေးမယ်ဆိုရင်လည်း ကျိုချက်ပြီးမှ ကျွေးသင့်ပါတယ်။ မွေးမြူတဲ့နေရာကိုလည်း သန့်ရှင်းအောင်ထားတဲ့အပြင် ကူးစက်မှုတွေ ကာကွယ်နိုင်အောင် လူအဝင်အထွက်ကို ကန့်သတ်ခြင်း၊ ခြံအဝင်မှာ ပိုးသတ်ဆေးကန်ထားရှိခြင်း၊ ခြံကို ပိုးသတ်ဆေးပုံမှန်ဖျန်းခြင်း ဒါမှမဟုတ် ထုံးမှုန့်ဖြူးတာမျိုးတွေ ဆောင်ရွက်သင့်ပါတယ်။ ရောဂါကင်းရှင်းကြောင်းစိတ်ချရတဲ့ ခြံက ဝက်တွေကိုသာ မွေးမြူသင့်ပါတယ်။ ပြီးတော့ မွေးမြူထားတဲ့ ဝက်တွေနဲ့ပတ်သက်ပြီး ရောဂါဖြစ်ပွားမှု တစ်စုံတစ်ရာ သံသယရှိရင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေဆီကတစ်ဆင့် ဒါမှမဟုတ် တိုက်ရိုက်ပဲဖြစ်ဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို မြန်မြန်အကြောင်းကြားဖို့ လိုအပ်ပါတယ်။ အကြောင်းကြားတာနဲ့ ကျွန်တော်တို့ ဦးစီးဌာနက သက်ဆိုင်ရာ ဝန်ထမ်းတွေက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာပါ" ဟု ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

ကောင်းမွန်သော ဝက်မွေးမြူရေးကျင့်စဉ်များဖြင့် မွေးမြူမည်ဆိုပါက ခြံများတွင် ဇီဝလုံခြုံမှု ကောင်းမွန်လာကာ အရည်အသွေးကောင်းမွန်သော ပစ္စည်းများထုတ်ယူရရှိလာနိုင်သည့်အတွက် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ထုတ်လုပ်မှုနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိလာခြင်း စသည့်အကျိုးကျေးဇူးများကြောင့် ဝက်မွေးမြူရေးလုပ်ငန်းသည် အကျိုးအမြတ်ဖြစ်ထွန်းနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပညာရှင်များကလည်း သုံးသပ်ထားသည်။

**မင်းမင်းဇော်၊ ကေတာ ဓာတ်ပုံ-မောင်ဖိုးဇော်(ကလေး)**

# အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းက စီစဉ်ကျင်းပသည့် သတင်းမှား၊ သတင်းတုများ၊ မဟုတ်မမှန်သတင်းများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ သတင်းမီဒီယာဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများတက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း ( Asia-Pacific Institute For Broadcasting Development- AIBD) မှ စီစဉ်ကျင်းပသည့် သတင်းမှား၊ သတင်းတုများ၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုများအား တုံ့ပြန်ဖြေရှင်းခြင်းနှင့် နိုင်ငံတကာမှ ပြဋ္ဌာန်းထားသည့် Fake News ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ သတင်းမီဒီယာ သိနားလည်မှု ( Media and Information Literacy) ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သတင်းမီဒီယာဆွေးနွေးပွဲ တစ်ရပ်ကို ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက ပြုလုပ်ရာ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ MRTV မှ ဝန်ထမ်းခြောက်ဦး ပါဝင်တက်ရောက်သည်။

ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ Political and Social Media Analyst မှ Dr.Sara Chinnasamy က အာရှ-ပစိဖိတ်ဒေသအတွင်း ထွက်ပေါ်နေသည့် သတင်းမှား၊ သတင်းတုများနှင့် ၎င်းတို့၏ သက်ရောက်မှုများ၊ Malaysian Communications and Multimedia Commission (MCMC) မှ Chairman, Dr.Fadhlullah Suhaimi Abdul Malek က Fake News တုံ့ပြန်ဖြေရှင်းခြင်းဆိုင်ရာ မလေးရှားနိုင်ငံ အတွေ့အကြုံများ၊ အင်ဒိုနီးရှားနိုင်ငံ UNESCO ရုံးချုပ်မှ Communication and Information Advisor Dr.Lim Ming Kuok က ဥပဒေများပြဋ္ဌာန်းခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာများ၊ မလေးရှားနိုင်ငံမှ သုတေသနပညာရှင်များက AIBD မှ သုတေသနစစ်တမ်းကောက်ယူထားသည့် Anti-Fake News Research အား ရှင်းလင်းတင်ပြခြင်းနှင့် ဟောင်ကောင်တက္ကသိုလ် Journalism and Media Studies Centre မှ တွဲဖက်ပါမောက္ခ Dr.Masato Kajimoto က ပြည်သူလူထုပညာပေးခြင်းမှ တစ်ဆင့် သတင်းမှားများအား တုံ့ပြန်ဖြေရှင်းခြင်းတို့အား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မိုင်းယောင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဒီဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်း လုပ်ငန်းများအား ဇွန် ၂၂ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၈ ရက်မှ စတင်၍ လွှင့်အား 50 W ၊ လှိုင်းနှုန်းချယ်နယ် (E-27)ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ မိုင်းယောင်းမြို့ပေါ် ရပ်ကွက်(၉) ရပ်ကွက်နှင့် နီးစပ်ရာ ကျေးရွာများဖြစ်သည့် ဝမ်ယမ်းမ၊ ဝမ်ပုံ၊ ဝမ်ယမ်းလဲ၊ ဟိုယမ်၊ ဝမ်အဲ၊ ဝမ်ဘမ်း၊ ဝမ်ဒေ၊ ဝမ်ကျူး၊ ဝမ်မိုင်၊ ဝမ်တပ်နှင့် ဟွမ်ဖုန်း စသည့်ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူရရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်လင်၌ ကိုဗစ်-၁၉ကာလအတွင်း စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**လှိုင်လင် ဇူလိုင် ၂**

လှိုင်လင်ခရိုင်၌ ကိုဗစ်ကာလစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လှိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းစောမြက အမှာစကားပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းအေးက G.A.Pနှင့် မြေအသုံးချရေးနည်းပညာများ၊ မျိုးစေ့တာဝန်ခံ ဒေါ်နီနီဝင်းက မျိုးစေ့ထုတ်လုပ်ငန်းများ၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးအေးချိုထွန်းက ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေး၊ ကျရောက်လာနိုင်သည့် ကျိုင်းကောင်ကာကွယ်နှိမ်နင်းရေးနှင့် ပိုးမွှားကင်းထောက်စစ်ဆေးခြင်းလုပ်ငန်းများ၊ ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးကုစားမှုအစီအစဉ်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## တောင်ငူတွင် ရထားရဲတပ်ဖွဲ့မှ ပြစ်မှုနှင့်ပြစ်ဒဏ်များ သိရှိစေရန် လက်ကမ်းစာစောင်ဖြန့်ဝေ

**တောင်ငူ ဇူလိုင် ၂**

ပြည်သူများ ပြစ်မှုနှင့်ပြစ်ဒဏ်များ သိရှိစေရန် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို တောင်ငူဘူတာကြီးတွင် ဇွန် ၃၀ ရက် ည ၉ နာရီတွင် ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် ရထားရဲတပ်ဖွဲ့ အမှတ်(၁၀) တပ်ခွဲ (တောင်ငူ)မှ ဒုတပ်ခွဲမှူး ရဲအုပ်ခိုင်စိုး ဦးစီးသည့်အဖွဲ့၊ မြန်မာ့မီးရထားမှ ဦးကျော်နိုင်နှင့်အဖွဲ့က ရထားကြိတ်၊ ရထားတိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေ၊ သေဆုံးမှုလျော့နည်းကျဆင်းရေး၊ ရထားကို ခဲဖြင့်ပစ်ပေါက်မှုမရှိစေရေးနှင့် level crossing များတွင် ရထားနှင့် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ တိုက်မိမှုမဖြစ်ပွားစေရေးတို့အတွက် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ သိရှိစေရန် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သူရ (တောင်ငူ)**

## ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် စုပေါင်းအလှူပြုလုပ်မည်

**ပြည် ဇူလိုင် ၂**

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ၁၃၈၂ ခုနှစ် ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ဇောတိမဟာထေရ်မြတ်အမှူးပြုသော စာချ၊ စာသင် သံဃာတော်အပါး ၂၀၀ ကျော်အား ဇောတိကာရုံပါဠိတက္ကသိုလ် ပရိယတ္တိသာသနာနုဂ္ဂဟအသင်းက ကြီးမှူးပြီး စုပေါင်းအလှူပွဲကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းဆက်ကပ်လိုသူများသည် ဖုန်း-၀၉- ၄၂၀၇၀ ၃၃၇၄၊ ၀၉ - ၅၃၁၂၆၃၀၊ ၀၉ - ၄၂၃၆၅၆၄၄၁၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# မြန်မာနိုင်ငံတွင် လက်ရှိကျရောက်လျက်ရှိသော နှံကောင်အခြေအနေများ

မြန်မာနိုင်ငံတွင် လက်ရှိကျရောက်လျက်ရှိသော နှံကောင်သိပ္ပံအမည် Aularches miliaris (Linnaeus, 1758) ဟုခေါ်တွင်သော အဝါစက်ပြောက်နှံကောင် (သို့) ကော်ဖီနှံကောင်သည် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံများတွင် ကျရောက်လျက်ရှိသော ကန္တာရ ကျိုင်းကောင်အမျိုးအစား မဟုတ်ပါ။ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် (သဖန်းဆိပ်ကျေးရွာ)၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် (မော်ရုံကျေးရွာ)နှင့် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်(ဝက်ရုပ်ကျေးရွာ)တို့တွင် ကျရောက်လျက်ရှိပါသည်။

လက်ရှိအခြေအနေတွင် ၂၀၂၀ ပြည့်နှစ် မေလအတွင်း သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်လည်း ကျရောက်လျက်ရှိပါသည်။ ပုံမှန်ရာသီဥတုအခြေအနေများတွင် တစ်ဟုန်ထိုးပွားများကျရောက်ခြင်း (Outbreak) ဖြစ်ပွားနိုင်ခြင်းမရှိသော ဖျက်ပိုးအမျိုးအစား ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် (၁၉၉၄) ခုနှစ်၌ ကျရောက်ခဲ့ကြောင်း တွေ့ရှိရသည်။

အုန်းပင်၊ ကွမ်းပင်တို့တွင် အဓိကကျရောက်လေ့ရှိသော်လည်း ရာသီဥတုပြောင်းလဲလာပြီး အစာရေစာရှားပါးချိန်တွင် သရက်၊ ကွမ်းသီးပင်၊ ကော်ဖီ၊ မာလကာ၊ စပါး၊ ပဲစင်းငုံ၊ ကြံ၊ ငှက်ပျော၊ ဂုန်လျှော်၊ ရော်ဘာ၊ ကြက်ဆူ၊ ဒူးရင်း၊ ပြောင်း၊ ဝါ၊ ပီလောပီနံ၊ နှံစားပြောင်း၊ ထန်းပင်နှင့် အခြားသီးနှံများတွင်လည်း ကျရောက်တတ်သည်။ အရွက်၊ အဖူး၊ အညွန့်၊ အသီးများ၊ အပင်၏ ကြီးထွားသည့် အစိတ်အပိုင်းများအားလုံး စားသောက်ဖျက်ဆီးသည်။ သက်တမ်း (၁၃-၁၅) လခန့် ကြာမြင့်တတ်သည်။

လူများပြုပြင်ပြောင်းလဲထားသော နေထိုင်မှုပုံစံ (သစ်ပင်များခုတ်လှဲ၍ ၎င်းနေရာတွင် လူနေအိမ်များဆောက်လုပ်ခြင်း)၊ သစ်တောများ ပြုန်းတီးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းတို့သည် နှံကောင်များ၏ နေထိုင်မှုအား ပြောင်းလဲလာစေပါသည်။ ကော်ဖီနှံကောင်အမျိုးအစားများသည် ကာလတိုအခိုက်အတန့်သာ ကျရောက်တတ်ပြီး ကျရောက်ပြီး တစ်လခန့်အကြာတွင် ပျောက်ကွယ်သွားလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ မလိုအပ်ဘဲ ပိုးသတ်ဆေး မပက်ဖျန်းသင့်ပါ။

မြန်မာနိုင်ငံတွင် လတ်တလော ကော်ဖီနှံကောင်ကျရောက်မှုအပေါ်တွင် ပြည်သူများ စိုးရိမ်နေကြသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျရောက်နေမှုအခြေအနေများ၊ ယင်းဖျက်ပိုးနှိမ်နင်းနည်းများနှင့် စောင့်ကြည့်ရမည့် အချက်များအား သိရှိနိုင်ရန်နှင့် ကျရောက်လာသည့် ဖျက်ပိုးအမျိုးအစားများအလိုက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနများသို့ အသိပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



အကောင်ကြီးအဆင့်



ပိုးမမည်အဆင့်

# ကန္တာရကျိုင်းကောင်(နှံကောင်) (Desert Locust) အန္တရာယ်နှိုးဆော်ချက်

ကန္တာရကျိုင်းကောင်(နှံကောင်) (Desert Locust) မှာ သိပ္ပံအခေါ် Schistocerca gregaria ဖြစ်ပြီး နှံကောင်မျိုးနွယ်ဝင် ဖြစ်ပါသည်။ ၎င်းတို့သည် သဲကန္တာရဆန်သော မြေများတွင် ဥချလေ့ရှိပြီး လိုအပ်သောအစိုဓာတ် ရရှိသည်နှင့် နှံကောင်ငယ်များ ပေါက်ပွားလာပေသည်။ အတောင်ပေါက်၍ ပျံနိုင်သည့်အဆင့်သို့ ရောက်ရှိလာသည့် နှံကောင်အုပ်စုငယ်များ အုပ်စုတစ်ခုနှင့်တစ်ခု စုပေါင်းမိကြသည့်အခါ ရှည်လျားသည့် နှံကောင်အုပ်စုကြီးများအဖြစ် မိုင်ထောင်ပေါင်းများစွာ ပျံသန်းသွားနိုင်၍ သွားရာလမ်းတစ်လျှောက် စိမ်းစိမ်းမြင်သမျှ အကုန်စားသောက်ဖျက်ဆီးတတ်ပါသည်။

ကန္တာရကျိုင်းကောင်(နှံကောင်)များ၏ ပေါက်ပွားရာဒေသမှာ အာဖရိကတိုက်အလယ်ပိုင်းမှတစ်ဆင့် ပါကစ္စတန်၊ အိန္ဒိယတို့ရှိ ကန္တာရလွင်ပြင်များသို့ ရောက်ရှိလာပြီး လေကြောင်းလမ်းအတိုင်း နီးစပ်ရာနိုင်ငံပေါင်းများစွာသို့ ချင်းနင်းဝင်ရောက် တိုက်ခိုက်တတ်ပါသည်။

**စားသောက်ဖျက်ဆီးပုံသဘာဝ**

နှံကောင်ကြီးများ၏သက်တမ်းမှာ (၃ မှ ၅) လရှိပြီး နှံကောင်အုပ်စုများသည် လေစုန် တစ်နေ့လျှင် (၅၀ မှ ၁၀၀) ကီလိုမီတာအထိ ပျံသန်းနိုင်ကြပြီး သီးနှံမျိုးစုံ အကုန်စားသောက် ဖျက်ဆီးတတ်ပါသည်။

**မြန်မာနိုင်ငံသို့ ကျူးကျော်လာနိုင်သည့်အန္တရာယ်**

မြန်မာနိုင်ငံတွင် နှံကောင်အုပ်စုများ ကျရောက်ဖျက်ဆီးမှုသာဓက မရှိသေးသော်လည်း အနောက်ဘက်အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် ကျရောက်ဖျက်ဆီးခဲ့သည့် အထောက်အထားများ ရှိနေပြီးဖြစ်ပါသဖြင့် လက်တစ်ကမ်းအကွာအဝေး၌ ရှိနေသော အန္တရာယ်ကို အစဉ်သတိရှိစွာဖြင့် စောင့်ကြည့်သွားရန်လိုအပ်ပါသည်။ (၁၉၈၂) ခုနှစ်တွင်လည်း အလားတူ နှိုးဆော်ချက် ထုတ်ခဲ့ဖူးပါသည်။

**သတိထားစောင့်ကြည့်ရမည့်ဒေသများ**

ကန္တာရကျိုင်းကောင်(နှံကောင်)များ ဖြတ်သန်းဝင်ရောက်လာနိုင်မည့် အန္တရာယ်ကို မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းရှိ အောက်ပါဒေသများတွင် သတိထား စောင့်ကြည့်ရန် သတ်မှတ်ပါသည်။

(က) ရခိုင်ပြည်နယ်
- (၁) မောင်တော
- (၂) ဘူးသီးတောင်
- (၃) ရသေ့တောင်
- (၄) စစ်တွေ
- (၅) ကျောက်ဖြူ

(ခ) ချင်းပြည်နယ်
- (၁) တွန်းဇံ
- (၂) ထန်တလန်
- (၃) ပလက်ဝ

(ဂ) စစ်ကိုင်းတိုင်း
- (၁) လေရှီး
- (၂) ဟုမ္မလင်း
- (၃) တမူး

(ဃ) ကချင်ပြည်နယ်
- (၁) ပူတာအို
- (၂) မချမ်းဘော


**ဆက်သွယ်ရမည့်ဌာနများ**

ကန္တာရကျိုင်းကောင်(နှံကောင်)များ တွေ့လျှင်တွေ့ရှိခြင်း ထိရောက်သော နှိမ်နင်းမှုများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနအဆင့်ဆင့်နှင့် ဆက်စပ်အဖွဲ့အစည်းများကို ချက်ချင်းအကြောင်းကြားရန် ဖြစ်ပါသည်။

**ကန္တာရကျိုင်းကောင်(နှံကောင်)၏ ရုပ်သွင်ပြင်လက္ခဏာ**

ကန္တာရကျိုင်းကောင်(နှံကောင်)ကို စစ်ဆေးသိရှိနိုင်ရန်အတွက် ရုပ်သွင်ပြင်လက္ခဏာကို အောက်တွင် ရှင်းလင်းဖော်ပြထားပါသည်။ အကောင်ကြီးများ၏ အရွယ်အစားမှာ အထီး (၄ - ၅) စင်တီမီတာ၊ အမ (၅ - ၆) စင်တီမီတာရှည်လျားပြီး အဝါရင့်ရောင်(သို့မဟုတ်) ပန်းရောင်ရှိပါသည်။ အတောင်ပေါ်တွင် အညိုရင့်ရောင် အပြောက်များ တွေ့ရှိရပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**





(A) ကန္တာရနှံကောင် အကောင်ငယ်နောက်ဆုံးအဆင့် (Gregarious) အုပ်စုဖွဲ့နေခြင်း
(B) ကန္တာရနှံကောင် အကောင်ကြီး (Gregarious) အုပ်စုဖွဲ့နေခြင်း
(C) ကန္တာရနှံကောင် အကောင်ငယ်နောက်ဆုံးအဆင့် (Solitarious) ထီးတည်းနေခြင်း
(D) ကန္တာရနှံကောင် အကောင်ကြီး (Solitarious) ထီးတည်းနေခြင်း

**ကန္တာရကျိုင်းကောင်(နှံကောင်) (Schistocerca gregaria)**




Source: 123rf.com




ကန္တာရကျိုင်းကောင်(နှံကောင်)များ ရွှေ့လျားရောက်ရှိမှုပြ မြေပုံ

# ဖားကန့်၌ မြေစာပုံပြိုကျ၍ သေဆုံးသူရုပ်အလောင်း ၁၆၂ ဦး ရှာဖွေတွေ့ရှိ၊ ၅၄ ဦး ထိခိုက်ဒဏ်ရာရရှိ



**ဖားကန့် ဇူလိုင် ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာအနီးရှိ လုပ်ငန်းရပ်နားထားသည့် ကျောက်မျက်တူးဖော်ရေး လုပ်ကွက်နေရာများတွင် ယနေ့နံနက်ပိုင်းက မြေစာများပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူ ၁၆၂ဦးအား သေဆုံးလျက် ရှာဖွေတွေ့ရှိကာ ၅၄ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ခန့်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာအနီးရှိ ရာသီသိမ်းချိန် လုပ်ငန်းရပ်နားထားသည့် ဂျိတ်လင်း၊ ကျောက်စိမ်းသစ်ရွက်၊ စိမ်းရွှေဝါကုမ္ပဏီ လုပ်ကွက်နေရာများ အတွင်း အလျား ပေ ၇၀၀ ၊ အမြင့်ပေ ၁၀၀၀ ခန့်ရှိ မြေစာများပြိုကျခဲ့ကာ အောက်ခြေရှိ အလျားပေ ၅၀၀၊ အကျယ်ပေ ၁၀၀၀ ခန့်ရှိ ရေကန်အတွင်း ရေလှိုင်းများဖြစ်ပေါ်ပြီး ရေလှိုင်းပုတ်ခတ်မှုကြောင့် ရေမဆေးကျောက်ရှာဖွေနေသူများ ရေလှိုင်းနှင့်အတူ မျောပါပျောက်ဆုံးခဲ့ကြသည်။

မြေစာပုံပြိုကျရာနေရာသို့ ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ကြပြီး(ယာပုံ) ရှာဖွေကယ်ဆယ်ရေး ရပ်နားချိန် ယနေ့ည ၇ နာရီ ၁၅ မိနစ်အထိ သေဆုံးသူရုပ်အလောင်း ၁၆၂ လောင်းကို ရှာဖွေတွေ့ရှိကာ ဒဏ်ရာရရှိသူ ၅၄ ဦးအား ဖားကန့်မြို့နယ် ဆေးရုံ၊ ဝေခါတိုက်နယ်ဆေးရုံနှင့် ပြင်ပဆေးခန်းများတွင် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ထောက်ပံ့ကူညီသွားမည်ဖြစ်ပြီး သေဆုံးသူများ မည်သူ မည်ဝါဖြစ်ကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များကို ဆက်သွယ်၊ စိစစ်ဆောင်ရွက်လျက်ရှိကာ အမြန်ဆုံးထောက်ပံ့သွားနိုင်ရေး ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများ ဖြစ်ကြသည့် ရှီကျားကျင့်နှင့် ချိုင်ချွင်လိန်တို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်၍ တရားခံ ဒေါ်လီလီအား တရားခံပြေးအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ဈေးလေးမီးပွိုင့်အနီးနေ ဒေါ်လီလီ (တိမ်းရှောင်)၊ ချမ်းမြသာစည်မြို့နယ်နေ ရှီကျားကျင့်နှင့် တရုတ်နိုင်ငံ တိကြုံးမြို့နေ ချိုင်ချွင်လိန်တို့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၇) ဆင်ခေါင်းကြီးရပ်ကွက်နေ မ---- (၂၀နှစ်)အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားအား ယူလျှင် ငွေကြေးပြည့်စုံ ကြွယ်ဝမည်ဖြစ်ကြောင်း စည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသဖြင့် ပြင်ဦးလွင်မြို့နယ် ပြင်စာနယ်မြေရဲစခန်း (ပ)၁၆/၂၀၁၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ပြင်ဦးလွင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၃၀ ရက်တွင် ရှီကျားကျင့်နှင့် ချိုင်ချွင်လိန်တို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ပြီး ဒေါ်လီလီအား တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ညောင်ဦးမြို့နယ် အုန်းမြားချောင်းတွင် နစ်နေသောကားနှင့် ညောင်ချောင်းရေကျော်တွင် မျောပါသွားသူနှစ်ဦးတို့အား ကယ်ဆယ်နိုင်ခဲ့

**ညောင်ဦး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဇူလိုင် ၂ရက် ညနေပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ညောင်ဦးမြို့နယ် အနောက်တောင်ဘက်ရှိ မိုင် ၂၀ ခန့်အကွာ စဉ့်ကူနယ်မြေ မီးသတ်စခန်းနှင့် ချောက်မြို့နယ်ကြားရှိ အုန်းမြားချောင်းအတွင်း ယာဉ်မောင်း ဦးမင်းအောင် မောင်းနှင်သော မော်တော်ယာဉ် သဲနစ်နေသည်ကို စဉ့်ကူနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ည ၇နာရီ ၅၅မိနစ်တွင် ချောင်းရေကျနေသည့် သဲမြေအတွင်းမှ အချိန်မီ ကူညီကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ညောင်ဦးမြို့နယ် အနောက် တောင်ဘက် ၁၅ မိုင်ခန့် အကွာ စဉ့်ကူနယ်မြေတွင် မိုးရွာသွန်းမှုကြောင့် ညောင်ချောင်း ရေကျော်လျက်ရှိကြောင်း၊ ဆိုင်ကယ်နှစ်စီးနှင့် လူနှစ်ဦး မျောပါသွားသောကြောင့် ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ ညောင်ဦးမြို့နယ် ပုဂံမီးသတ်စခန်းနှင့် စဉ့်ကူနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ ရေနှင့် မျောပါသွားသည့် လူနှစ်ဦးလုံး အန္တရာယ်ကင်းစွာ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရပြီး ဆိုင်ကယ်နှစ်စီးမှာ မတွေ့ရှိသေးကြောင်း သိရသည်။

ရေနှင့် မျောပါသူများသည် ချောက်မြို့ အမှတ် (၇) ရပ်မှဖြစ်ကြောင်း သိရပြီး ယာဉ်သွားယာဉ်လာ အန္တရာယ်ကင်းစေရေး ညောင်ဦးခရိုင် မီးသတ်တပ်ဖွဲ့၊ ညောင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့၊ ပုဂံနယ်မြေ မီးသတ်တပ်ဖွဲ့နှင့် စဉ့်ကူနယ်မြေ မီးသတ်တပ်ဖွဲ့များမှ လမ်းကြောင်းပြကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း ညောင်ဦးမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



*စာမျက်နှာ ၁၀ မှ*

| | | |
|---|---|---|
| ၂၉၄ | ဝါဝါလယ်ယာစိုက်ပျိုးရေးသုံး ဓါတုပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | တိုက်(၆)၊ အခန်း(၁၂)၊ မြေညီထပ်၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၉၅ | Pinnacle Venture Group Services Co., Ltd | Building # 4-4, Junction Square Compound, Kyuntaw Road, Kamayut Tsp, Yangon |
| ၂၉၆ | ဦးဇာနည်အောင် GI Group | အမှတ်(ဏ/D-17)၊ မြင်းခြံလမ်း၊ အောင်မင်္ဂလာ |
| ၂၉၇ | Arr Man Shin Security Co.,Ltd | အမှတ်(၁၂၈၄/၁၂၈၅)၊ သီရိဧယျာလမ်း၊အမှတ်(၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၉၈ | Bella Interiors Co.,Ltd | No.2730, Thanlwin Street, Zone (2), Ext; Ward (63), South Dagon Township, Yangon. |
| ၂၉၉ | Myanmar Fast & Forward | တိုက် -၂ ၊ အခန်း ၂၀၂၊ ဧယျမွန်အိမ်ယာ၊ မရမ်းကုန်းမြို့နယ် |
| ၃၀၀ | မင်းမြတ်စည်းစိမ်သာ ကုမ္ပဏီ | ၁၂၈- ချယ်ရီလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်း ၃၇၃၊ စက်မှုလမ်း၊ ၁၂ရပ်ကွက်၊ ရွှေပြည်သာ |
| ၃၀၁ | Parami Energy Services Co., Ltd | 14-02, Sakura Tower, Sule Pagoda Road, Kyauktada Township, Yangon. |
| ၃၀၂ | သျှင်ပါကူ လုပ်ငန်းများ ကုမ္ပဏီလီမိတက် | အမှတ် (၇၁/၇၃)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၀၃ | Great Save Security Service Co.,Ltd | အမှတ် (၁၁)၊ ဗိုလ်ဗထူးလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ၃၀၄ | Native Steel Construction Co.,Ltd | အမှတ်(၁၈၄)(အေ)၊ လေ့အသင်းဝန် ဦးချိန်လမ်း၊ လှိုင်သာယာစက်မှုဇုံ၊ ရန်ကုန် |
| ၃၀၅ | အိုင်ဒါခ် (Aidak Co.,Ltd) Construction သဲကျောက် ထုတ်လုပ်ခြင်း | 971/34, Pyinmah Myang Road, North Dagon, Yangon. |
| ၃၀၆ | Wa Minn Minning Co., ltd | ၁၁၆၊ သမိုင်းဘူတာရုံ လမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်မြို့ |
| ၃၀၇ | Maple Trading Co., ltd | အမှတ် (၂၁၀)၊ ဦးဝိစာရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ |

# တမူးခရိုင် မြို့သစ်မြို့နယ်၌ လုယက်မှုဖြစ်

**မြို့သစ် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ နောင်ကက်ကျေးရွာဟောင်းတွင် ဇူလိုင် ၁ ရက် ည ၁၀ နာရီခွဲခန့်က လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးခရိုင် မြို့သစ်မြို့ ထုံကတင်ကျေးရွာအုပ်စု နောင်ကက်ကျေးရွာဟောင်းနေ ဒေါ်မြသိုက်နှင့် သားဖြစ်သူ မောင်ကောင်းကောင်းတို့ နေအိမ်၌ ရှိနေစဉ် တမူးမြို့နယ် ကွန်းတောင်းကျေးရွာနေ စံထွေးက တရားမဝင် တူမီးလုပ်သေနတ်ကို ကိုင်ဆောင်ပြီး ကွန်းတောင်းကျေးရွာနေ ဇော်ထွန်းနှင့်အတူ အိမ်အပေါ်ထပ်သို့ တက်ရောက်၍ သေနတ်ပြ ခြိမ်းခြောက်ကာ ပစ္စည်းများ ရှာဖွေနေစဉ် သားဖြစ်သူ မောင်ကောင်းကောင်းမှာ အိပ်အပေါ်ထပ်သို့ တက်လာသဖြင့် ၎င်းကိုင်ဆောင်ထားသော ဖုန်းအား ဇော်ထွန်းက ယူဆောင်စဉ် အိမ်ခြေရင်းနေ အုပ်ချုပ်ရေးမှူး ဦးမောင်ညွန့်က အော်ဟစ်မှုကြောင့် နေအိမ်မှ ဆင်းပြေးရာ ရွာသူ ရွာသားများက ဝိုင်းဝန်းဖမ်းဆီးသဖြင့် စံထွေးအား ဖမ်းဆီးရမိပြီး ဇော်ထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား မြို့သစ်မြို့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# အဲဘတ်စ်ကုမ္ပဏီက အလုပ်အကိုင်ပေါင်း ၁၅၀၀၀ ခန့် လျှော့ချရန်ပြင်ဆင်




**တူလောက်စ် ဇူလိုင် ၂**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ဖြစ်ပွားရသည့် လေကြောင်းခရီးစဉ်ပျံသန်းမှုဆိုင်ရာ အကျပ်အတည်းများကြောင့် လေယာဉ်ဝယ်လိုအား ကျဆင်းခဲ့ရသည့် အဲဘတ်စ်လေယာဉ်ကုမ္ပဏီက နောက်ထပ် ၁၂ လအကြာတွင် အလုပ်အကိုင်ပေါင်း ၁၅၀၀၀ ခန့်ကို လျှော့ချရန် စီစဉ်နေကြောင်း သိရသည်။ ယင်းပမာဏသည် ကုမ္ပဏီ၏ လုပ်သားအင်အား ၁၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း သိရသည်။

အဲဘတ်စ်၏ လေယာဉ်လုပ်ငန်းသည် မကြာသေးမီလအနည်းငယ်အတွင်း လုပ်ငန်းဆောင်ရွက်မှု ၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့မှုကို ရင်ဆိုင်ဖြေရှင်းနေရကြောင်းနှင့် ကုမ္ပဏီအနေဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာရန် အချိန်ကြာမြင့်နိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း အဲဘတ်စ်ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အစိုးရက ရန်ပုံငွေထည့်ဝင်ထားသည့် နားနေခွင့်အစီအစဉ်အရ ပြီးခဲ့သည့်ဧပြီလက ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့တွင် ဝန်ထမ်းအင်အား ၆၀၀၀ ကျော်ကို အဲဘတ်စ်က ပြန်လည်ခန့်ထားခဲ့ကြောင်း သိရသည်။

အဲဘတ်စ်ကုမ္ပဏီအနေဖြင့် အစိုးရ၏ အကူအညီပေးအပ်မှုကို အထူးကျေးဇူးတင်ရှိသော်လည်း လေကြောင်းခရီးစဉ်ပြေးဆွဲမှုများသည် ကိုဗစ်-၁၉ ကပ်ရောဂါ မကျရောက်ခင် အချိန်ကကဲ့သို့ ပြန်ဖြစ်လာရန် မဖြစ်နိုင်သည့်အတွက် ကုမ္ပဏီအနေဖြင့် နောက်ထပ် စီမံဆောင်ရွက်ချက်များ ထပ်မံလုပ်ဆောင်ရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# မက္ကဆီကိုအလယ်ပိုင်းတွင် လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် ၂၄ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၂**

မက္ကဆီကိုအလယ်ပိုင်း အီရာပွာတိုမြို့ရှိ ပြန်လည်ထူထောင်ရေးစင်တာတစ်ခုကို လက်နက်ကိုင်တစ်စုက ဇူလိုင် ၁ ရက်တွင် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ ၂၄ ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ညနေခင်းအချိန်ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုသည် အီရာပွာတိုမြို့အနီး မူးယစ်ဆေးစွဲသည့်လူငယ်များ ပြန်လည်ထူထောင်ရေးစင်တာကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုဖြစ်ကြောင်း ဒေသနေ့စဉ်သတင်းစာ Correo က အီရာပွာတိုရဲတပ်ဖွဲ့အကြီးအကဲ ပီဒရိုကောတက်စ်၏ ပြောဆိုမှုကို ကိုးကားလျက် ဖော်ပြခဲ့သည်။

လက်နက်ကိုင်ဆောင်ထားသူများသည် တိုက်ခိုက်ရေးရိုင်ဖယ်များကိုအသုံးပြုကာ ပြန်လည်ထူထောင်ရေးစင်တာကို ပစ်ခတ်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် အခင်းဖြစ်ပွားသည့်နေရာသို့ အရေးပေါ်အဖွဲ့များရောက်ရှိလာကာ ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ဦးကို ဆေးရုံသို့အလျင်အမြန်ပို့ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားသည့် အကြောင်းရင်းကို သိရှိရေးအတွက် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေကြောင်းသိရသည်။

**ဆင်ဟွာ**




တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ပြန်လည်ထူထောင်ရေးစင်တာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ခြောက်သိန်းကျော်အထိရှိလာ

**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ဆက်လက်မြင့်တက်လျက်ရှိရာ ဇူလိုင် ၂ ရက်တွင် ရောဂါကူးစက်ခံရသူ အရေအတွက် ၆၀၄၆၄၁ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်စုစုပေါင်းမှာ ၁၇၈၃၄ ဦး အထိ ရှိလာကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ၄၃၄ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ဖက်ဒရယ်ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။ မကြာသေးမီက ရောဂါကူးစက်ခံမှုမှ ပြန်လည် သက်သာလာသည့် ကိုဗစ်- ၁၉ လူနာ ၃၅၉၈၆၀ ရှိပြီး ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း ရောဂါကူးစက်မှုကြောင့် လက်ရှိတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၂၂၆၉၄၇ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှု ဖယ်ရှားမှုအဆင့် ၂ ကို ဆောင်ရွက်နေပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းမြင့်သည့် ဇုန်များအတွင်း ကန့်သတ်ချက်များ ဆက်လက်ချမှတ်နေကြောင်းသိရသည်။ စာသင်ကျောင်းများ၊ ကောလိပ်များကို လာမည့် ဇူလိုင် ၃၁ ရက်အထိ ဆက်လက်ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အီဂျစ်နိုင်ငံ၌ ရက်ပေါင်း ၁၀၀အထိ ပိတ်ထားခဲ့ရသည့် ခရီးသွားနေရာများ ပြန်လည်ဖွင့်လှစ်

**ကိုင်ရို ဇူလိုင် ၂**

အီဂျစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် မတ်လနှောင်းပိုင်းမှစတင်ကာ ပိတ်ထားခဲ့ရသည့် ခရီးသွားနေရာများကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ဂီဇာပိရမစ်များ၌ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို ဇူလိုင် ၁ရက်တွင်ဆောင်ရွက်ထားပြီး လာရောက် လည်ပတ်သည့် ခရီးသွားများသည် အပူချိန်တိုင်းတာ စစ်ဆေးမှုများခံယူရန်နှင့် တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေ၍ လက်မှတ်ဝယ်ယူနိုင်စေရန် စီစဉ်ထားသည်။ သို့ရာတွင် လေကြောင်းခရီးစဉ်အချို့ကိုသာ ပြန်လည်ပြေးဆွဲနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားသူ ၂၃၄၅ ဦးအထိ မြင့်တက်

**ဗီယန်ကျင်း ဇူလိုင် ၂**

လာအိုနိုင်ငံ၌ ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိရာ ယခုအခါ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်၂၃၄၅ ဦးအထိ ရှိလာကြောင်း လာအို ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

### ဗီယန်ကျင်း၌ အများဆုံး

လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်း၌ သွေးလွန်တုပ်ကွေးကူးစက်ဖြစ်ပွားသည့် လူနာအရေအတွက် အများဆုံးဖြစ်ပြီး ၅၃၁ ဦးအထိရှိကြောင်း သိရသည်။

ဗီယန်ကျင်းပြည်နယ်၌ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၃၁၃ ဦးရှိပြီး ဘိုလီခမ်ဆေပြည်နယ်၌ ၂၆၈ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြထားသည်။

### ရှင်းလင်းရန် တိုက်တွန်း

လာအိုကျန်းမာရေး အာဏာပိုင်များက ပြည်သူများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် နေအိမ်နှင့် လုပ်ငန်းခွင်များအနီးတစ်ဝိုက်ရှိ ခြင်ကိုက်ခံရနိုင်သည့် နေရာများကို ရှင်းလင်းရေး ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

### ကူးစက်မှုအမြန်ဆုံး

ကျန်းမာရေး ဝန်ကြီးဌာန၏ ဖော်ပြချက်အရ သွေးလွန်တုပ်ကွေးရောဂါသည် ကူးစက်မှုအမြန်ဆုံး ရောဂါများအနက် တစ်ခုဖြစ်ပြီး လက်ရှိတွင် ထိုင်း၊ လာအို၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှု မြင့်မားလျက်ရှိကြောင်း ဖော်ပြထားသည်။

**ဆင်ဟွာ**

# အမေရိကန်မီဒီယာများအပေါ် တရုတ်ပြန်လည် လက်တုံ့ပြန်

**ပေကျင်း ဇူလိုင် ၂**

အမေရိကန်၏ မကြာသေးမီက တရုတ်မီဒီယာလေးခုကို ဝါဒဖြန့်သည့်ယန္တရားအဖြစ် သတ်မှတ်လိုက်သည့်အပေါ် တန်ပြန်ထိုးနှက်တိုက်ခိုက်သည့်အနေဖြင့် တရုတ်နိုင်ငံက အမေရိကန်သတင်းမီဒီယာလေးခုကို ၎င်းတို့၏ ဘဏ္ဍာရေးအခြေအနေနှင့် ပိုင်ဆိုင်မှုများကိုကြေညာရန် တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှောင်လိကျန်းက တရုတ်နိုင်ငံအနေဖြင့် အမေရိကန်သတင်းမီဒီယာများဖြစ်သည့် အဆိုစီရိတ်တက်ပရက်စ်၊ စီဘီအက်စ်၊ နေရှင်နယ်ပတ်ဘလစ်ရေဒီယိုနှင့် ယူနိုက်တက်ပရက်စ်အင်တာနေရှင်နယ်တို့ကို ၎င်းတို့၏ ဝန်ထမ်းအင်အား၊ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပိုင်ဆိုင်မှုများကို ခုနစ်ရက်အတွင်းပေးရေးတောင်းဆိုရန် ဆုံးဖြတ်လိုက်ကြောင်း ပြောကြားသည်။

အမေရိကန်၏ မကြာသေးမီက တရုတ်ဗဟိုရုပ်မြင်သံကြားနှင့် တခြားတရုတ်မီဒီယာသုံးခုကို နိုင်ငံခြားတာဝန်အတွက် သီးသန့်ဖွဲ့စည်းထားသောအဖွဲ့ဟု ကင်ပွန်းတပ်လိုက်ပြီး ၎င်းတို့၏ ဝန်ထမ်းအင်အားနှင့် ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို တင်သွင်းရန် အမိန့်ထုတ်ပြန်လိုက်ပြီးနောက် ယခုလို တရုတ်နိုင်ငံကလည်းပြန်လည်တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အမေရိကန်၏ချဉ်းကပ်မှုသည် စစ်အေးခေတ်အတွေးအခေါ်များနှင့် မလိုမုန်းထားမှုများအပေါ် အခြေခံကြောင်း၊ ၎င်းက တရုတ်မီဒီယာ၏ ဂုဏ်သတင်းနှင့်ပုံရိပ်ကို အကြီးအကျယ်ထိခိုက်စေကြောင်း ရှောင်က သတင်းထောက်များကို ပြောကြားလိုက်သည်။ တရုတ်နိုင်ငံက အမေရိကန်ကို ၎င်းတို့၏အမှားများကို ချက်ချင်းပြင်ရန်နှင့် နိုင်ငံရေးအရ ဖိနှိပ်မှုများကို ရပ်တန့်ရန်လည်း တိုက်တွန်းလိုက်ကြောင်း ရှောင်က ဆက်လက်ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုစတင်မည်

**တိုကျို ဇူလိုင် ၂**

ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင် ပထမဆုံး လက်တွေ့စမ်းသပ်မှုပြုလုပ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ဇီဝဆေးဝါးဆိုင်ရာ စွန့်ဦးတီထွင်ကုမ္ပဏီတစ်ခုက ပြောကြားလိုက်သည်။

အိုဆာကာတက္ကသိုလ်မှ သုတေသီများတည်ထောင်ခဲ့သော အန်ဂျက်စ်ကုမ္ပဏီက မကြာသေးမီက ထိုသို့ ကြေညာလိုက်ခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီသည် အိုဆာကာတက္ကသိုလ်ဆေးရုံရှိ အရွယ်ရောက်ပြီး ကျန်းမာသူ ၃၀ ကို ဒီအင်န်အေကာကွယ်ဆေးစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေးတွင် ကိုဗစ်-၁၉ ၏ မျက်နှာပြင်ပေါ်တွင်တွေ့ရသော ဆူးချွန်ပရိုတိန်းများ၏ ဒီအင်န်အေ ပါဝင်သည်။

အဆိုပါကာကွယ်ဆေးထိုးပြီးနောက် လူ၏ကိုယ်ခံအားစနစ်သည် ရောဂါပိုးကူးစက်မှုကို တားဆီးပေးသည့် ဇီဝပဋိပစ္စည်းများကို ထုတ်လုပ်လိမ့်မည်ဟု အဆိုပါကုမ္ပဏီက ယုံကြည်လျက်ရှိသည်။

ပဋိပစ္စည်းများ ဖွံ့ဖြိုးလာသလားဆိုသည်ကို စောင့်ကြည့်ရန် လက်တွေ့စမ်းသပ်မှုများတွင် ပါဝင်သူများသည် နှစ်ပတ်အတွင်း ကာကွယ်ဆေးနှစ်ကြိမ် ထိုးခံရမည်ဖြစ်သည်။

စမ်းသပ်ခံမည့် လူ ၁၅ ဦးကို ကာကွယ်ဆေးပမာဏများများပေးပြီး ကျန် ၁၅ ဦးကို ဆေးပမာဏအနည်းငယ်ပေးကာ ၎င်းတို့၏ရလဒ်များကို နှိုင်းယှဉ်သွားမည်ဖြစ်သည်။

အဆိုပါကုမ္ပဏီသည် ယခုနှစ်နှောင်းပိုင်းတွင် လက်တွေ့စမ်းသပ်မှုနောက်တစ်ဆင့်ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ကိုဗစ်-၁၉ ကာကွယ်ဆေးကိုလက်တွေ့စမ်းသပ်မှုပြုလုပ်ရန် လုပ်ဆောင်နေစဉ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် သမ္မတပူတင်ကို မဲဆန္ဒရှင်များ သောင်းသောင်းဖြဖြထောက်ခံ

**မော်စကို ဇူလိုင် ၂**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲပြင်ဆင်ရေးအတွက် မဲဆန္ဒရှင်များ၏ သောင်းသောင်းဖြဖြထောက်ခံမှုရရှိခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲပြင်ဆင်ရေးက လက်ရှိရုရှားသမ္မတ ဗလာဒီမာပူတင်၏ သမ္မတရာထူးကို ၂၀၃၆ ခုနှစ်အထိ ထပ်မံတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

ဇန်နဝါရီလတွင် ပူတင်အဆိုပြုခဲ့သော အသွင်ပြောင်းလဲရေးက လာမည့် ၂၀၂၄ ခုနှစ်တွင် ၎င်း၏ သမ္မတသက်တမ်းကို သုညအထိ လျှော့ချမည်ဖြစ်ပြီး နောက်ထပ်ခြောက်နှစ်ကြာ သမ္မတသက်တမ်းနှစ်ခုတာဝန်ထမ်းဆောင်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်သည်။

အသွင်ပြောင်းလဲရေးတွင် လိင်တူလက်ထပ်ခြင်းများကို တားမြစ်သွားမည်ဖြစ်ပြီး ပါလီမန်၏လုပ်ပိုင်ခွင့်များကို တိုးမြှင့်သွားမည်ဖြစ်သည်။ မဲ ၉၂ ရာခိုင်နှုန်းတွင် ၇၇ ရာခိုင်နှုန်းထောက်ခံပြီး ၂၁ ရာခိုင်နှုန်း ကန့်ကွက်သည်။

မဲရလဒ်များနှင့် အခြားအချက်အလက်များအရ ပြုပြင်ပြောင်းလဲရေးကို ထောက်ခံကြောင်း သိရသည်။ ဇွန်လ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ရုရှားသမ္မတဗလာဒီမာပူတင်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြီးပါက နောက်တစ်ခါ သမ္မတသက်တမ်းအတွက် အရွေးခံရန် ဖြစ်နိုင်ကြောင်း ပြောသည်။

ယခင်ကေဂျီဘီထောက်လှမ်းရေးအရာရှိတစ်ဦးက ပူတင်သည် ရုရှားကို ဆယ်စုနှစ်နှစ်စုနီးပါး ထိထိရောက်ရောက် လွှမ်းမိုးအုပ်ချုပ်ခဲ့ကြောင်း ပြောသည်။ အတိုက်အခံခေါင်းဆောင်များက ပူတင်သည် သမ္မတဘဝဖြင့် ရှင်သန်ရန် ကြိုးစားနေကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ရုရှားသမ္မတဗလာဒီမာပူတင်

## ဆီးရီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးကို အကောင်းဆုံးထိန်းသိမ်းသွားမည်ဖြစ်ကြောင်း အာဒိုဂန်ပြော

**အန်ကာရာ ဇူလိုင် ၂**

တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်က တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အကောင်းဆုံးထိန်းသိမ်းသွားမည်ဖြစ်ကြောင်းနှင့် အိမ်နီးချင်းနိုင်ငံ၏ နိုင်ငံရေးစည်းလုံးမှုနှင့် အချုပ်အခြာအာဏာတည်မြဲရေးကို အမြဲတမ်း ဦးထိပ်ပန်ဆင်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးစည်းလုံးမှုနှင့် အချုပ်အခြာတည်မြဲရေးကို ထိန်းသိမ်းရင်း မြေပြင်အခြေအနေတွင်လည်း ငြိမ်းချမ်းရေးကို တည်ဆောက်သွားကြရန်နှင့် ပဋိပက္ခများအတွက် ရေရှည်အဖြေတစ်ခုရရန် ဦးစားပေးအနေဖြင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တူရကီသမ္မတက ပြောကြားလိုက်သည်။

တေရစ်အာဒိုဂန်သည် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီနှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့နှင့် သုံးဦးဆိုင် ဆွေးနွေးစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ မိမိတို့အနေဖြင့်အိမ်နီးချင်းဆီးရီးယားနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို တတ်နိုင်သမျှ အကောင်းဆုံး ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားလိုက်သည်။

ဆီးရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ် (အက်စ်တာနာ ပရောစက်စ်) ကို အာမခံပေးမည့် နိုင်ငံများကြား ဆွေးနွေးမှုသည် ဆီးရီးယားနိုင်ငံ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဂျီနီဗာ၌ ပြုလုပ်ခဲ့သော ကုလသမဂ္ဂ ကမကထပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးမှုကိုအကောင်အထည်ဖော်ရန် ဆီးရီးယားနိုင်ငံရှိ တစ်စစီပြိုကွဲနေသည့် ပါတီများကို ဆွေးနွေးပွဲစကားဝိုင်းသို့ ခေါ်ဆောင်ရန် ကြိုးစားမှုအစိတ်အပိုင်းတစ်ခုအဖြစ် ဆီးရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရုရှား၊ တူရကီနှင့် အီရန်နိုင်ငံတို့က ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**



တူရကီ၊ အီရန်နှင့် ရုရှား သုံးနိုင်ငံဆွေးနွေးပွဲတွင် တူရကီသမ္မတနှင့်အဖွဲ့ကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ စံချိန်တင်မြင့်တက်

**တိုကျို ဇူလိုင် ၂**

ဇူလိုင် ၂ ရက်က ဂျပန်နိုင်ငံ မြို့တော် တိုကျိုတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူပေါင်း ၁၀၀ ကျော် စံချိန်တင်မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တိုကျိုအစိုးရအရာရှိများက ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူအရေအတွက်သည် ၁၀၇ ဦးအထိရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ယခုကဲ့သို့ ကိုဗစ်- ၁၉ ကူးစက်ခံရသူအရေအတွက် ၁၀၇ ဦးအထိ မြင့်တက်လာခဲ့ခြင်းသည် မေ ၂ ရက်က ကိုဗစ်- ၁၉ ကူးစက်မှုနှုန်း ၁၀၀ အထိ မြင့်တက်ခဲ့ပြီးနောက် တစ်နေ့တည်း ကူးစက်ခံရမှု အများဆုံးနေ့ဖြစ်ခဲ့သည်။

ထို့အတူ မေ ၂၅ ရက် နိုင်ငံတော်အရေးပေါ်အခြေအနေရုပ်သိမ်းပြီးနောက်ပိုင်းတွင် တစ်နေ့တည်း ကိုဗစ်- ၁၉ ကူးစက်ခံရမှုအများဆုံးနေ့ တစ်နေ့ဖြစ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နယူးဇီလန်ကျန်းမာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

**ဝယ်လင်တန် ဇူလိုင် ၂**

နယူးဇီလန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေးဗစ်ကလက်က ၎င်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအဖြစ်မှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း ဇူလိုင် ၂ ရက်က ပြောကြားလိုက်သည်။

နယူးဇီလန်နိုင်ငံတွင် ကိုဗစ်- ၁၉ အသွားအလာကန့်သတ်မှုသတ်မှတ်ထားချိန်နှင့် သတ်မှတ်ကာလနောက်ပိုင်းချိန်များတွင် ကလက်၏ တာဝန်ပျက်ကွက်မှုများအပေါ် ပြည်သူများ ဝေဖန်ပြစ်တင်မှုဖြစ်ပွားနေစဉ် ယခုကဲ့သို့ ရာထူးမှနုတ်ထွက်ကြောင်း ရုတ်တရက်ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

၎င်း၏နုတ်ထွက်မှုကို ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်က လက်ခံခဲ့သည်။ ကလက်သည် လွှတ်တော်တွင် အမတ်တစ်ဦးအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်းနှင့် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

ကလက်သည် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုကို ကာကွယ်ရန် နိုင်ငံအတွင်း ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များကို ၁၄ ရက်ကြာ သီးခြားထားရှိသော သီးသန့်အဆောက်အအုံစီမံခန့်ခွဲမှုအပိုင်းတွင် အားနည်းချက်များရှိနေကြောင်း ပြစ်တင်ဝေဖန်ခံနေရသည်။

၎င်းသည် ကိုဗစ်- ၁၉ ရှိသူနှစ်ဦးအား ရောဂါနမူနာစစ်ဆေးခြင်းမပြုဘဲ အဆိုပါသီးသန့်အဆောင်မှ သတ်မှတ်ချိန်ထက်စောကာ ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့အပြင် ၎င်းသည် အသွားအလာကန့်သတ်ပိတ်ဆို့မှုကို ချိုးဖောက်ကာ မိသားစုနှင့်အတူ ကမ်းခြေသို့သွားရောက်ခဲ့သဖြင့် ပြင်းထန်စွာ ဝေဖန်ခံနေကြောင်းလည်းသိရသည်။

**ဆင်ဟွာ**

# ကပ်ရောဂါတစ်ခုဖြစ်လာနိုင်တဲ့ တုပ်ကွေးဗိုင်းရပ်စ်အသစ်

*ကလျာမိုးမြင့်*

တရုတ်နိုင်ငံမှာ မွေးမြူထားတဲ့ဝက်တွေမှာ တုပ်ကွေးရောဂါအမျိုးအစားသစ်တစ်ခု ကူးစက်ဖြစ်ပွားနေတာကို ဆေးပညာရှင်တွေက တွေ့ရှိခဲ့ရပြီးနောက် အဲဒီတုပ်ကွေးရောဂါဟာ ကပ်ရောဂါတစ်ခုဖြစ်လာနိုင်တဲ့ အလားအလာရှိကြောင်း သတိပေးခဲ့ပါတယ်။ မကြာသေးခင်ကမှ ဝက်တွေဆီမှာ ဒီရောဂါဖြစ်နေမှန်း သိရတာဆိုပေမယ့် လူတွေကို ရောဂါကူးစက်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

### သန္ဓေပြောင်းနိုင်

ဝက်တွေမှာတွေ့ရတဲ့ အဲဒီတုပ်ကွေးဗိုင်းရပ်စ်အသစ်ဟာ သန္ဓေပြောင်းနိုင်တဲ့အတွက် ဝက်တွေဆီကနေတစ်ဆင့် လူကို ကူးစက်ပြီးတဲ့နောက်မှာ လူတစ်ဦးကနေ တစ်ဦးဆီကို အလွယ်တကူ ကူးစက်သွားပြီး ကပ်ရောဂါအဖြစ်နဲ့ ကမ္ဘာတစ်ဝန်း ပျံ့နှံ့ရောက်ရှိသွားမှာကို စိုးရိမ်ပူပန်မိတယ်လို့ သုတေသနပြု လေ့လာသူတွေက ဆိုပါတယ်။

ဒီရောဂါက ချက်ချင်းလက်ငင်းကြီးတော့ ပြဿနာတစ်ခုဖြစ်လာဦးမှာ မဟုတ်ပေမယ့် လူတွေကိုကူးစက်တွယ်ကပ်ပြီးနေနိုင်တဲ့ ထူးခြားလက္ခဏာတွေအားလုံး ဒီဗိုင်းရပ်စ်မှာရှိနေတဲ့အတွက် အနီးကပ်စောင့်ကြည့်ဖို့ လိုအပ်လိမ့်မယ်လို့ အကြံပြုထားပါတယ်။ ဒီဗိုင်းရပ်စ်က အမျိုးအစားသစ် တစ်ခုဖြစ်တဲ့အတွက် လူတွေမှာ ဗိုင်းရပ်စ်ကို ခုခံနိုင်စွမ်းနည်းပါးတာ ဒါမှမဟုတ် ခုခံနိုင်စွမ်းမရှိတာမျိုး ဖြစ်နိုင်တယ်လို့ သိရပါတယ်။

### အနီးကပ်သတိထားစောင့်ကြည့်ဖို့လို

ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ကနဦးတွေ့ရှိမှု သုံးသပ်ချက်တွေကို Proceedings of the National Academy Sciences ဂျာနယ်မှာ ဆေးပညာရှင်တွေက ရေးသားဖော်ပြထားပါတယ်။ ဝက်တွေမှာတွေ့ရတဲ့ ဗိုင်းရပ်စ်အမျိုးအစားသစ်ကို ထိန်းချုပ်နိုင်မယ့် စီမံဆောင်ရွက်ချက်တွေ ချမှတ်ဖို့လိုအပ်ပြီး ဝက်တွေကို အဓိကကိုင်တွယ်ထိတွေ့နေရတဲ့ မွေးမြူရေးလုပ်သားတွေကို အနီးကပ်သတိထားစောင့်ကြည့်ဖို့ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်သင့်တယ်လို့ ဆေးပညာရှင်တွေက အကြံပြုထားတဲ့ သုံးသပ်ချက်တွေကို ဖော်ပြထားပါတယ်။

ကမ္ဘာတစ်ဝန်းမှာ လက်ရှိကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်နိုင်ဖို့ နိုင်ငံတကာက အသည်းအသန်လုံးပန်းနေရချိန် ယခုတစ်ဖန်ဝက်တွေဆီမှာ ထပ်မံတွေ့ရတဲ့ တုပ်ကွေးဗိုင်းရပ်စ်အသစ်ဟာ ကျွမ်းကျင်သူပညာရှင်တွေက သတိထားစောင့်ကြည့်နေရတဲ့ အမြင့်ဆုံးခြိမ်းခြောက်မှု အန္တရာယ်တွေထဲမှာ တစ်ခုအပါဝင်ဖြစ်လာလျက်ရှိပါတယ်။



တရုတ်နိုင်ငံရှိ ဝက်မွေးမြူရေးခြံတစ်ခြံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦး စစ်ဆေးမှုဆောင်ရွက်နေစဉ်။

### ခံနိုင်ရည်ရှိ

၂၀၀၉ ခုနှစ်မှာ ကမ္ဘာတစ်ဝန်းလုံးက တွေ့ကြုံရင်ဆိုင်ခဲ့ရတဲ့ အာဖရိကဝက်အပြင်းဖျားရောဂါဟာ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ ကပ်ရောဂါဖြစ်ပြီး စိုးရိမ်ခဲ့ရတဲ့အခြေအနေထက် အသေအပျောက်နည်းခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဖရိကဝက်အပြင်းဖျားရောဂါဟာ ယခင်နှစ်တွေမှာ မကြာခဏဖြစ်ပွားခဲ့တဲ့ တခြားသော တုပ်ကွေးဗိုင်းရပ်စ်တွေနဲ့ ဆင်တူတဲ့အတွက်ကြောင့် လူကြီးတွေမှာ ဒီဗိုင်းရပ်စ်ကိုခံနိုင်ရည်ရှိနေကြလို့ပါပဲ။

A/H1N1 pdm 09 လို့ အမည်ပေးထားတဲ့ အဲဒီဗိုင်းရပ်စ်အန္တရာယ်ကနေ လူတွေကို သေချာကာကွယ်ပြီးသားဖြစ်အောင် နှစ်စဉ်ပုံမှန်ပေးနေကျ တုပ်ကွေးရောဂါကာကွယ်ဆေးတွေကို ယခုဖြန့်ဝေထားပြီဖြစ်ပါတယ်။

### ပြောင်းလဲမှုရှိလာ

တရုတ်နိုင်ငံမှာ ယခုထပ်မံတွေ့ရှိရတဲ့ တုပ်ကွေးဗိုင်းရပ်စ်အသစ်ဟာ ၂၀၀၉ ခုနှစ်ကထွက်ပေါ်ခဲ့တဲ့ အာဖရိကဝက်အပြင်းဖျားရောဂါကို သယ်ဆောင်တဲ့ ဗိုင်းရပ်စ်နဲ့ ဆင်တူပေမယ့် ပြောင်းလဲမှုတချို့ ရှိလာတယ်လို့ သိရပါတယ်။ လောလောဆယ်မှာတော့ ဒီဗိုင်းရပ်စ်က ကြီးကြီးမားမားခြိမ်းခြောက်မှု ဖြစ်မလာသေးဘူး။ ဒါပေမယ့် စိတ်ချရတဲ့အနေအထားလည်း မဟုတ်တဲ့အတွက် မျက်ခြည်မပြတ်စောင့်ကြည့်ရမယ့် အရာတစ်ခုဖြစ်တယ်လို့ ပါမောက္ခ ကင်ချော်ချိန်နဲ့ လုပ်ဖော်ကိုင်ဖက်တွေက အလေးအနက်ပြောကြားခဲ့ပါတယ်။

### အသက်ရှူလမ်းကြောင်းထဲမှာ ပေါက်ဖွားနိုင်

ဆေးပညာရှင်တွေက G4EA H1N1 လို့အမည်ပေးထားတဲ့ တုပ်ကွေးဗိုင်းရပ်စ်ဟာ လူရဲ့ အသက်ရှူလမ်းကြောင်းမှာရှိတဲ့ ဆဲလ်တွေထဲမှာ ပေါက်ဖွားကြီးထွားနိုင်ပြီး ဆပွားနိုင်တယ်လို့ ဆိုပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ အချက်အလက်တွေကို ကြည့်လိုက်တဲ့အခါ မကြာသေးခင်က တရုတ်နိုင်ငံရှိ သားသတ်ရုံတွေနဲ့ ဝက်မွေးမြူရေးခြံတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့သူတွေ ရောဂါကူးစက်ခံခဲ့ရတဲ့ သက်သေအထောက်အထားတွေကို လေ့လာသူတွေ တွေ့ရှိခဲ့ပါတယ်။

လက်ရှိပေးနေတဲ့ တုပ်ကွေးကာကွယ်ဆေးက အခုပေါ်လာတဲ့ ဗိုင်းရပ်စ်အသစ်ကို ကာကွယ်နိုင်မယ့်ပုံမပေါ်ဘူးလို့လည်း ဆိုပါတယ်။ လက်ရှိမှာ ကျွန်ုပ်တို့ဟာ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကြောင့် စိတ်ရှုပ်ထွေးနေရတာမှန်ပေမယ့် ဖြစ်လာနိုင်တဲ့ ဗိုင်းရပ်စ်အသစ်တွေရဲ့ အန္တရာယ်ကိုလည်း သတိလက်လွတ်ခံလို့မရဘူးလို့ ဗြိတိန်နိုင်ငံ နော်တင်ဟမ်တက္ကသိုလ်မှာ လုပ်ငန်းဆောင်ရွက်နေတဲ့ ပါမောက္ခ ကင်ချော်ချန်က သတိပေးခဲ့ပါတယ်။

### ပုံသေပြောင်းလဲနေ

သီအိုရီအရဆိုရင် တုပ်ကွေးရောဂါကူးစက်မှုဟာ အချိန်မရွေးဖြစ်ပွားနိုင်ပေမယ့် အခုအချိန်အထိကတော့ အဖြစ် မများသေးဘူးလို့ ဆိုရမှာပါ။ ဗိုင်းရပ်အမျိုးအစားသစ်တစ်ခု ထွက်ပေါ်လာတဲ့အခါ အဲဒီဗိုင်းရပ်စ်က လူတစ်ဦးကနေ တစ်ဦးဆီ အလွယ်တကူ ကူးစက်ပျံ့နှံ့နိုင်တဲ့အခြေအနေရောက်သွားပြီဆိုရင် ဒါဟာ ကပ်ရောဂါတစ်ခုဖြစ်နေပြီလို့ ဖော်ပြလိုက်တာပါပဲ။ တုပ်ကွေးဗိုင်းရပ်စ်တွေဟာ ပုံသေပြောင်းလဲနေကြတဲ့အတွက် တုပ်ကွေးရောဂါကာကွယ်ဆေးကိုလည်း ပုံမှန်ပြောင်းလဲပေးဖို့ လိုအပ်လာပြီး ဒီဗိုင်းရပ်စ်တွေဟာ များသောအားဖြင့် ကပ်ရောဂါအဖြစ် ရောက်ရှိလာလေ့မရှိတတ်ပါဘူး။

### ကမ္ဘာတစ်ဝန်းကို ဒုက္ခပေးနေ

ဒါပေမယ့် လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်စတင်ဖြစ်ပွားမှုကို ပြန်ကြည့်လိုက်မယ်ဆိုရင် တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ဒီရောဂါစတင်ပေါက်ဖွားချိန်က တိရစ္ဆာန်တွေမှာသယ်ဆောင်လာတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ် လူကိုကူးစက်ခံရခြင်းဖြစ်တယ်ဆိုပြီး အစပိုင်းမှာ ဆေးပညာရှင်တွေက သုံးသပ်ခဲ့ကြပါတယ်။ နောက်တော့ ဗိုင်းရပ်စ်က လူအချင်းချင်းကူးစက်နိုင်တယ်ဆိုတာကို သိရှိရတဲ့အချိန်မှာ မြန်မြန်ဆန်ဆန်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပျံ့နှံ့သွားခဲ့ပြီဖြစ်ပြီး အခုဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုတဲ့ အမည်ဆိုးကြီးနဲ့ ကမ္ဘာတစ်ဝန်းကို အကြီးအကျယ်ဒုက္ခပေးနေပြီ ဖြစ်ပါတယ်။

### သတိရှိဖို့လို

ဒါကြောင့် အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နဲ့ထွင်းရတဲ့ အခြေအနေမျိုး မရောက်ရလေအောင် ဆေးပညာရှင်တွေက ဝက်တွေမှာလတ်တလောတွေ့ရတဲ့ တုပ်ကွေးဗိုင်းရပ်စ် အမျိုးအစားသစ်ကို သေချာစောင့်ကြည့်ဖို့နဲ့ လိုအပ်တဲ့အစီအမံတွေကို အခုကတည်းက ချမှတ်ဆောင်ရွက်ဖို့ အကြံပြုတိုက်တွန်းနေပါတယ်။ တစ်ဖက်မှာ ကိုဗစ်- ၁၉ ကို တွန်းလှန်ရင်ဆိုင်နေရချိန် အခြားတစ်ဖက်က ဝင်လာနိုင်တဲ့ ရောဂါဘယတွေရဲ့ အန္တရာယ်တွေကိုလည်း သတိရှိစွာနဲ့ ကြိုတင်တွက်ဆထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ။

**ကိုးကား- ဘီဘီစီ**

> “ ဒီရောဂါက ချက်ချင်းလက်ငင်းကြီးတော့ ပြဿနာတစ်ခုဖြစ်လာဦးမှာ မဟုတ်ပေမယ့် လူတွေကိုကူးစက်တွယ်ကပ်ပြီးနေနိုင်တဲ့ ထူးခြားလက္ခဏာတွေအားလုံး ဒီဗိုင်းရပ်စ်မှာရှိနေတဲ့အတွက် အနီးကပ်စောင့်ကြည့်ဖို့ လိုအပ်လိမ့်မယ်လို့ အကြံပြုထားပါတယ်။ ဒီဗိုင်းရပ်စ်က အမျိုးအစားသစ် တစ်ခုဖြစ်တဲ့အတွက် လူတွေမှာ ဗိုင်းရပ်စ်ကို ခုခံနိုင်စွမ်းနည်းပါးတာ ဒါမှမဟုတ်ခုခံနိုင်စွမ်းမရှိတာမျိုးဖြစ်နိုင်တယ်လို့ သိရ”

## နိုင်ငံတကာသတင်းတိုထွာ

### အီရန်၏ လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးရန် အမေရိကန် တောင်းဆို

**တီဟီရန် ဇူလိုင် ၂**

အီရန်အပေါ်လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးပေးရန် အမေရိကန်အကြီးတန်း အာဏာပိုင်များက ကုလသမဂ္ဂသို့ တောင်းဆိုခဲ့ကြောင်း သိရသည်။ ထိုသို့တောင်းဆိုရာတွင် အမေရိကန်အာဏာပိုင်များသည် အီရန်ကျောထောက်နောက်ခံပေးထားသည့် အုပ်စုများ၏ ခြိမ်းခြောက်မှုများကို အစ္စရေးနှင့် အာရပ်နိုင်ငံများက ရင်ဆိုင်နေရကြောင်း ဖော်ပြခဲ့ကြသည်။

ကုလသမဂ္ဂက အီရန်အပေါ် ချမှတ်ထားသည့် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုသည် လာမည့်အောက်တိုဘာလတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ အီရန်နိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဘရီယန်ဟွတ်ခ်က ဗီယင်နာ၌ ဇူလိုင် ၁ ရက်က သတင်းထောက်များနှင့် တွေ့ဆုံခဲ့မှုအတွင်း အီရန်အပေါ်လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးရန် ကုလသမဂ္ဂသို့ တောင်းဆိုထားကြောင်းနှင့် အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများကလည်း ထိုသို့လုပ်ဆောင်ရန် မျှော်လင့်နေကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ကိုဗစ်-၁၉ ကြောင့် နယူးယောက်စီးတီး၌ စားသောက်ဆိုင်များတွင် ထိုင်စားခြင်းကို ဆက်လက်တားမြစ်

**နယူးယောက်စီးတီး ဇူလိုင် ၂**

အမေရိကန်ပြည်ထောင်စုရှိ နေရာဒေသအများအပြားတို့တွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်နေချိန်အတွင်း နယူးယောက်စီးတီး၌ အာဏာပိုင်များက စားသောက်ဆိုင်များတွင် ထိုင်စားခွင့်မပြုသေးဘဲ ဆက်လက်တားမြစ်ထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုလမှစတင်ကာ ဝယ်သူများကို စားသောက်ဆိုင်အတွင်းထိုင်ကာ မှာယူစားသောက်ခွင့်ပြုရန် မူလကစီစဉ်ထားသော်လည်း ရောဂါကူးစက်မှု အရှိန်မြင့်နေသည့်အခြေအနေကြောင့် ယင်းအစီအစဉ်ကို ရှေ့မဆက်နိုင်သေးကြောင်း နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက ဇူလိုင် ၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

နယူးယောက်စီးတီးမြို့တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံအတွင်းရှိ အခြေအနေများကို စောင့်ကြည့်နေရပြီး အထူးသဖြင့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်တန်းများထဲသို့ ပြည်သူများအား ပြန်သွားခွင့်ပြုရာတွင် အခက်အခဲပြဿနာများ တွေ့နေရကြောင်း ဘလာစီယိုက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁-၇-၂၀၂၀)ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် -
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၃၉၃) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး ထပ်မံတွေ့ရှိခဲ့ပါသည်။

၂။ (၂-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၀၄) ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၇၆၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၃၄၀) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦးတွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာအသစ် (၄)ဦးတွေ့ရှိခဲ့ကြောင်းကို (၁-၇-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၇-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၀၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၂၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂-၇-၂၀၂၀) ရက်နေ့ နံနက်(၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ /မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 304 | ၁၈ နှစ် | ကျား | ပဲခူးမြို့နယ် ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပဲခူးပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပဲခူးမြို့နယ်) |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၁) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၁၁) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၉၄) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၉) ခု
စုစုပေါင်း (၁,၀၆၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၁) ခု |
| (၂-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၁) ခု |
| (၂-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉၄) ခု |
| (၂-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၀၄) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက်ပိုးမတွေ့ရှိသူ (၁) ဦး (Case- 237) ရှိသဖြင့် စုစုပေါင်း (၂၂၃) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၁၆)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၀၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၂၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ အခက်အခဲများသိရှိနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြပြီး အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က အသိအမှတ်ပြုဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည့် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့မှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ အခက်အခဲများ၊ စိတ်ခံစားချက်များကို သိရှိနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)



**အသိအမှတ်ပြုပေးခြင်းများ ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများပေးအပ်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလတစ်လျှောက်လုံးတွင် ပြည်သူများမှ စေတနာ့ဝန်ထမ်းအလုပ်များကို မည်သူ၏ တိုက်တွန်းမှုမပါဘဲ မိမိအသိစိတ်ဖြင့် အားတက်သရော ပူးပေါင်းပါဝင်ခဲ့ကြသည်ကို တွေ့ရသဖြင့် အထူးပင် ဝမ်းမြောက်ပါကြောင်း၊ မိမိတို့၏အချိန်၊ လုပ်အားတို့ကို ပေးဆပ်ခဲ့ကြသူများကို နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုလိုသည့်အတွက် စာရင်းများ ကောက်ယူဆောင်ရွက်ခဲ့ပြီး သင်တန်းများပေးခြင်း၊ လိုအပ်သည့် ပံ့ပိုးမှုများနှင့် အသိအမှတ်ပြုပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိနေခဲ့ကြသူများ ရှိပါကလည်း စာရင်းများ ပေးပို့စေလိုပါကြောင်း၊ ပြည်သူများနှင့်အတူ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်၊ တုံ့ပြန်ရေးကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လုပ်ငန်းများကို အတူပူးပေါင်းကူညီ ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများကို ကိုယ်တိုင်ကိုယ်ကျ ရင်ထိုးတံဆိပ်များ၊ ဂုဏ်ပြုကတ်များ ပေးအပ်လိုသော်လည်း အခြေအနေအရ တစ်ဦးချင်း မပေးအပ်နိုင်သဖြင့် သက်ဆိုင်ရာဒေသများရှိ တာဝန်ရှိသူများထံ ရောက်အောင်သွားပြီး ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်း။ ယင်းသို့ တစ်ဦးချင်း မတွေ့ဆုံနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ စေတနာ့ဝန်ထမ်းများနှင့် Online တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်လိုသည်များကို သိရှိလိုပါကြောင်း၊ ဝေးလံသည့် မိုင်းဆတ်၊ လင်းခေး၊ မောက်မယ်၊ မိုင်းယောင်း၊ မိုင်းပန်၊ တာချီလိတ် စသည့်ဒေသများမှ စေတနာ့ဝန်ထမ်းများနှင့် Online ဖြင့် ဆွေးနွေးခွင့်ရရှိခြင်းမှာ အားသာချက်ဖြစ်ပါကြောင်း ပြောကြားသည်။

**အလေးထားဆောင်ရွက်ပေး**

ဆက်လက်၍ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့နယ်များမှ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များက ၎င်းတို့လုပ်ငန်းဆောင်ရွက်နေမှုများတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ဂိတ်များတွင် နှာခေါင်းစည်းများ ဖြန့်ဝေပေးနိုင်ရေး လိုအပ်မှု၊ ကျောင်းဖွင့်ချိန်တွင် ကလေးသူငယ်များအတွက် နှာခေါင်းစည်းနှင့် လက်သန့်ဆေးများ လိုအပ်မှု၊ အသိပညာပေးစာစောင်နှင့် ပိုစတာများကို တိုင်းရင်းသားဘာသာစကားဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ ထားရှိရာ Quarantine Centre အချို့အတွက် အစားအစာ၊ ရေနှင့် အိမ်သာ လိုအပ်မှု၊ အမျိုးသမီးများအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးစေလိုမှု၊ ပိုးသတ်ဆေးဖျန်းပုံးများ ထောက်ပံ့ပေးစေလိုမှု၊ မြို့ဝင်/ မြို့ထွက်ဂိတ်များတွင် တာဝန်ထမ်းဆောင်နေသည့် စေတနာ့ဝန်ထမ်းများအတွက် အလေးထားဆောင်ရွက်ပေးစေလိုသည့် အချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

**ညှိနှိုင်းပံ့ပိုးဆောင်ရွက်သွားမည်**

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြောကြားရာတွင် ယနေ့ ဝေးလံသောဒေသများမှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရခြင်းသည် များစွာအကျိုးရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလ ပြီးဆုံးခြင်းမရှိသေးသည့်အတွက် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များအနေဖြင့် ပြည်သူများအား ထိရောက်သော ပညာပေးမှုများ၊ ပံ့ပိုးကူညီမှုများကို ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ အားလုံးက အသိရှိသလို သတိထားနေထိုင် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် မိမိတို့အနေဖြင့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိပြီး တာဝန်ရှိသူအဆင့်ဆင့်နှင့် ညှိနှိုင်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမှတစ်ဆင့် ရထားဖြင့် ပို့ဆောင်ပေးလျက်ရှိ

**လားရှိုး ဇူလိုင် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၂ ရက်တွင် နေရပ်ပြန်ပြည်သူအမျိုးသား ၅၈ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၀၉ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၀၉ ဦးတို့တွင် ကချင်ပြည်နယ်မှ သုံးဦး၊ ကယားပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ နေပြည်တော်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၊ တနင်္သာရီတိုင်းဒေသကြီးမှသုံးဦး၊ ရခိုင်ပြည်နယ်မှ ၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ခြောက်ဦးတို့ဖြစ်သည်။ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဇူလိုင် ၂ ရက်အထိ အမျိုးသား ၇၂၅၆ ဦး၊ အမျိုးသမီး ၄၅၄၆ ဦး စုစုပေါင်း ၁၁၈၀၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

**COVID-19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ကရင်ပြည်နယ်အတွင်း မိုးစပါးနှင့် ကိုဗစ် - ၁၉ အထူးချေးငွေ ထုတ်ပေး

**ကော့ကရိတ် ဇူလိုင် ၂**

ကရင်ပြည်နယ်အတွင်း မိုးစပါးချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေများအား ၂၀၂၀ ပြည့်နှစ် ဇွန်လမှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

မိုးစပါးချေးငွေအဖြစ် လယ်တစ်ဧကအတွက် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်ထုတ်ချေးပေးရာမှ ကိုဗစ် - ၁၉ ကြောင့် တောင်သူများ ထိခိုက်မှုအား ကုစားနိုင်ရေးအတွက် လယ်/ယာတစ်ဧကေ ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်သည်။

ကရင်ပြည်နယ်တစ်ခုလုံးအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေအဖြစ် ငွေကျပ် ၆၁၅၅ သန်း၊ ကိုဗစ်-၁၉ အထူးချေးငွေအဖြစ် ငွေကျပ် ၁၂၁၃ ဒသမ ၁ သန်းအား လျာထားထုတ်ပေးလျက်ရှိရာ ဇွန်လကုန်အထိ လျာထားချက်၏ ၆၀ ရာခိုင်နှုန်း ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကော့ကရိတ်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးနှင့် ကိုဗစ်-၁၉ ချေးငွေများ ထုတ်ချေးပေးနေစဉ်။

## ကုန်စည်ပုံမှန်လည်ပတ်ရေး သမဝါယမနည်းဖြင့် ဆောင်ရွက်ပေး



**ဆိပ်ဖြူ ဇူလိုင် ၂**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကာလအတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာ လည်ပတ်နိုင်ရန် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဒေသခံတောင်သူများ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီများအား ဈေးကွက်တင်ပို့ရောင်းချနိုင်ရေးအတွက် ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့မှ ဆက်သွယ်ညှိနှိုင်း၍ သမဝါယမကဏ္ဍမှ ကြက်သွန်နီပိဿာချိန် ၇၀၀၀ အား ဝယ်ယူသယ်ဆောင်ကာ ဇွန် ၃၀ ရက်တွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ပူတာအိုမြို့နယ်များရှိ အခြေခံသမဝါယမအသင်းသားပြည်သူများအား သက်သာစွာ စားသုံးနိုင်ရန်အတွက် ဒေသပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၊ ၁၀၀၀ ရှိနေသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ စုစုပေါင်း ၃၀၄ ဦးရှိပြီဖြစ်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူတစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၀၄ ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၀၄ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၂၃ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၁၆ ဦးရှိကြောင်းနှင့် ဇူလိုင် ၁ ရက် နေ့လယ် ၁၂ နာရီမှ ဇူလိုင် ၂ ရက် နေ့လယ် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၆ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၉၀၇၂ | ၃၀၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၂၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၀၃၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၁၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၃၂ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၀၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၈၁၆၄၆ | ၁၁၆၅၁၆၁ | ၁၃၀၈၄၃ |
| ၂။ | ဘရာဇီး | ၁၄၅၆၉၆၉ | ၉၁၆၁၄၇ | ၆၀၈၁၃ |
| ၃။ | ရုရှား | ၆၆၁၁၆၅ | ၄၂၈၉၇၈ | ၉၆၈၃ |
| ၄။ | အိန္ဒိယ | ၆၀၇၃၄၄ | ၃၆၁၁၀၈ | ၁၇၈၇၃ |
| ၅။ | ဗြိတိန် | ၃၁၃၄၈၃ | စိစစ်ဆဲ | ၄၃၉၀၆ |
| ၆။ | စပိန် | ၂၉၆၇၃၉ | စိစစ်ဆဲ | ၂၈၃၆၃ |
| ၇။ | ပီရူး | ၂၈၈၄၇၇ | ၁၇၈၂၄၅ | ၉၈၆၀ |
| ၈။ | ချီလီ | ၂၈၂၀၄၃ | ၂၄၅၄၄၃ | ၅၇၅၃ |
| ၉။ | အီတလီ | ၂၄၀၇၆၀ | ၁၉၀၇၁၇ | ၃၄၇၈၈ |
| ၁၀။ | အီရန် | ၂၃၂၈၆၃ | ၁၉၄၀၉၈ | ၁၁၁၀၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂ – ၇ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၉၃၉၄ | ၂၆၆၆၇ | ၂၉၈၇ |
| စင်ကာပူ | ၄၄၃၁၀ | ၃၉၀၁၁ | ၂၆ |
| ဖိလစ်ပိုင် | ၃၈၈၀၅ | ၁၀၆၇၃ | ၁၂၇၄ |
| မလေးရှား | ၈၆၄၃ | ၈၄၃၇ | ၁၂၁ |
| ထိုင်း | ၃၁၇၉ | ၃၀၅၉ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၆ | ၀ |
| မြန်မာ | ၃၀၄ | ၂၂၃ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# အောင်မြေသာစံမြို့နယ်တွင် လက်ဆေးကန်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၂**

မန္တလေး အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ လက်ဆေးကန်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ ၈၂လမ်းနှင့် ၈၃ လမ်းကြားရှိ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း သေဒါခန်းမ၌ ကျင်းပသည်။

လက်ဆေးကန်များကို ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်အဖြစ် အောင်မြေသာစံမြို့နယ် World Vision Myanmar မှ အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်သော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၆၁ ကျောင်းသို့ လက်ဆေးကန် ၂၅၂ စုံကို ပေးအပ်လှူဒါန်းခြင်း ဖြစ်သည်။

အခမ်းအနားတွင် World Vision Myanmar မှ အထက်မြန်မာပြည် ဇုန်မန်နေဂျာ ဦးစောစရေးလိုက လက်ဆေးကန်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး အောင်မြေသာစံမြို့နယ် World Vision Myanmar စီမံချက် မန်နေဂျာ ဦးစောမာရီယာနိုနှင့်အတူ လက်ဆေးကန်များကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဦးနှင့် အောင်မြေသာစံမြို့နယ်ပညာရေးမှူး ဒေါက်တာ စမ်းပပကျော်တို့က အခြေခံပညာကျောင်းများကိုယ်စား လက်ခံရယူကြသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြစိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဦး၊ အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်၊ မြို့နယ်ပညာရေးမှူး ဒေါက်တာ စမ်းပပကျော်နှင့် ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၊ World Vision Myanmar မှ အထက်မြန်မာပြည် ဇုန်မန်နေဂျာ ဦးစောစရေးလို၊ အောင်မြေသာစံမြို့နယ် World Vision Myanmar မှ စီမံချက်မန်နေဂျာ ဦးစောမာရီယာနိုနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိရိယာများတွင် အသုံးပြုရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်း

**မကွေး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများမှ ဇူလိုင် ၄ ရက်တွင် ကျရောက်မည့် (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိရိယာများတွင် အသုံးပြုနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်ဝန်ကြီးများ တက်ရောက်ပြီး လှူဒါန်းငွေကို မကွေးတိုင်းဒေသကြီး သမဝါယမတိုင်းဦးစီးမှူးနှင့် အသင်းစုချုပ်ဥက္ကဋ္ဌတို့က ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက လက်ခံ၍ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၆၁ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၂**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁ ရက် ညနေ ၆ နာရီက ၃၇ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ၂၄ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၆၁ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၆၁ ဦးတို့မှာ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၂၉ ဦးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှသုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၀ ဦး၊ ရှမ်းပြည်နယ်မှ ၃၇ ဦးနှင့် နေပြည်တော်မှ နှစ်ဦးတို့ဖြစ်ပြီး ၎င်းနေရပ်ပြန် ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ အမျိုးသား ၆၉၉၂ ဦးနှင့် အမျိုးသမီး ၅၆၃၈ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၆၃၀ တို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**






# Air KBZ လေကြောင်းလိုင်းက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်တွင်းခရီးသွားလာမှုအဆင်ပြေရေး အထူးအစီအစဉ်ပြုလုပ်ထား

**ရန်ကုန် ဇူလိုင် ၂**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန်နှင့်ခရီးသွားလာမှု အခက်အခဲမရှိဘဲ အဆင်ပြေလွယ်ကူစေရန် Air KBZ လေကြောင်းလိုင်းက အထူးအစီအစဉ် ပြုလုပ်ပေးထားကြောင်း သိရသည်။

Air KBZ လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ရောဂါကာလတွင်လည်း ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်များ ပိုမိုအဆင်ပြေစေရန် ပြည်တွင်းခရီးစဉ်များအတွက် ထိုင်ခုံအရေအတွက် ၁၀၀၀၀၀ အထိ ဝယ်ယူနိုင်မည့် "ကြိုဝယ်ထားမယ်" X 5000 အစီအစဉ်ကို ပြုလုပ်ပေးထားသည်။ Air KBZ လေကြောင်းလိုင်းက ပုံမှန်ပြေးဆွဲလျက်ရှိသည့် မန္တလေး၊ ဟဲဟိုး၊ သံတွဲ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ လွိုင်ကော်၊ ကျောက်ဖြူ၊ စစ်တွေ၊ လားရှိုး၊ တာချီလိတ်၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ နေပြည်တော်၊ ခန္တီးနှင့် ကလေးမြို့ အစရှိသည့် ခရီးစဉ် ၁၆ ခုသို့ လက်မှတ်ဈေးနှုန်း ငွေကျပ် ၃၅၀၀၀ မှ စတင်ကာ ဝယ်ယူနိုင်မည်ဖြစ်သည်။ အထူးအစီအစဉ်ဖြင့် ရောင်းချမည့် လက်မှတ်များကို ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ ဝယ်ယူရမည်ဖြစ်ပြီး ဇူလိုင် ၁၀ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သွားလာနိုင်ကာ ခရီးစဉ်ရက် အပြောင်းအလဲနှင့် ခရီးသည်အမည် ပြောင်းလဲခြင်း (တစ်ကြိမ်) ကို ခုနစ်ရက်မတိုင်မီ အခမဲ့ပြုလုပ်ခွင့်ရမည် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလတွင် ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်းလက်မှတ်များကို Air KBZ ၏ ဝက်ဘ်ဆိုက် - www.airkbz.com ၊ Mobile App ၊ K7Chatbot ၊ နယ်ရုံးခွဲများနှင့် လက်မှတ်အရောင်း ကောင်တာများ၊ Air KBZ ၏ လက်မှတ်အရောင်း ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

Air KBZ လေကြောင်းလိုင်းသည် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၁၈ မြို့သို့ ATR72-600 လေယာဉ်ရှစ်စင်းဖြင့် ပျံသန်းပြေးဆွဲလျက်ရှိပြီး လက်ရှိခရီးစဉ် အချိန်ဇယားများအရ တစ်ပတ်လျှင် လေကြောင်းခရီးစဉ်ပေါင်း ၁၃၀ ခန့် ပြေးဆွဲနေကြောင်း သိရသည်။ Air KBZ လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင်လည်း ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖိုးသော်ဇင်**

# မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၂၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၂၈ ဦး မြဝတီအမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။


ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက် အထိ ၁၁၆၈၀ ဝင်ရောက်ခဲ့ပြီး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက် တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ၁၁ ရက်တွင် ၆၇၀၊ ၁၂ ရက်တွင် ၈၂၃ ဦး၊ ၁၃ ရက်တွင် ၇၇၅ ဦး၊ ၁၄ ရက်တွင် ၆၀၀၊ ၁၅ ရက်တွင် ၅၀၆ ဦး၊ ၁၆ ရက် တွင် ၆၄၄ ဦး၊ ၁၇ ရက်တွင် ၈၇၇ ဦး၊ ၁၈ ရက်တွင် ၆၉၈ ဦး၊ ၁၉ ရက်တွင် ၄၉၄ ဦး၊ ၂၀ ရက်တွင် ၆၅၇ ဦး၊ ၂၁ ရက်တွင် ၆၄၂ ဦး၊ ၂၂ ရက်တွင် ၈၄၈ ဦး၊ ၂၃ ရက် တွင် ၅၂၇ ဦး၊ ၂၄ ရက်တွင် ၅၉၇ ဦး၊ ၂၅ ရက်တွင် ၃၉၈ ဦး၊ ၂၆ ရက်တွင် ၅၅၅ ဦး၊ ၂၇ ရက်တွင် ၆၃၄ ဦး၊ ၂၈ ရက် တွင် ၃၆၆ ဦး၊ ၂၉ ရက်တွင် ၆၀၈ ဦး၊ ၃၀ ရက်တွင် ၄၆၅ ဦး ဝင်ရောက်ခဲ့သည်။ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ၂ ရက်တွင် ၇၂၈ ဦး စုစုပေါင်း ၃၈၄၁၃ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၄၂ ဦး၊ အမျိုးသမီး ၂၈၆ ဦး စုစုပေါင်း ၇၂၈ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





## ၂၁ ရာစုကိုပုံဖော်မည့် နိုင်ငံရေးမဟာဗျူဟာများနှင့် COVID-19

**နေပြည်တော် ဇူလိုင် ၂**

စာရေးသူ တက္ကသိုလ်ဟန်စိုးဦး စီစဉ်ရေးသားသည့် ၂၁ ရာစုကို ပုံဖော်မည့် နိုင်ငံရေးမဟာဗျူဟာများနှင့် COVID-19 စာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် ၂၁ ရာစု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝများအား ပုံဖော်လာမည့် အဓိကနိုင်ငံရေး မဟာဗျူဟာကြီး ၂ ရပ်ဖြစ်သည့် အမေရိကန်၏ အင်ဒို- ပစိဖိတ်မဟာဗျူဟာနှင့် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်တို့နှင့် ပတ်သက်၍ အသေးစိတ်ရေးသား ဖော်ပြထားသည်။ ထို့ပြင် အဆိုပါ မဟာဗျူဟာကြီး ၂ ရပ်ကို အကောင်အထည်ဖော်ရာတွင် ပထဝီနိုင်ငံရေးအရ အဓိကအရေးပါသည့် အရှေ့တောင်အာရှဒေသနှင့် အာဆီယံအသင်းကြီးအကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးကို ကူးစက်ပျံ့နှံ့နေပြီး ကမ္ဘာ့ပြည်သူများအားလုံး၏ လူနေမှုစနစ်များကို ရုတ်ခြည်းပြောင်းလဲစေခဲ့သည့် COVID-19 ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေး အကျိုးဆက်များကိုလည်း ရေးသားဖော်ပြထားသည်။




စာအုပ်ကို ဆုပြည့်စုံထွန်းစာပေ၊ အမှတ်-၅၀၈/၅၁၂၊ ၂(ခ)၊ ပထမထပ် (ကုန်သည်လမ်း)၊ ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၈၃၆၆၄၊ ၀၁-၈၃၈၆၈၃၃နှင့် တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

သတင်းစဉ်

## မြန်မာ့စိတ်ရင်းနှင့် ကလေးကဗျာများစာအုပ် ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်ဆု၊ ကလေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာသိခ်သူ၏ "မြန်မာ့စိတ်ရင်းနှင့် ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၁၀၀ ပါရှိပြီး ၁၂ လ ရာသီ ပွဲတော်များအကြောင်း၊ မင်းမြတ်နော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်နှင့် အလောင်းဘုရားစသည့် မြန်မာရှင်ဘုရင်များအကြောင်း စသည်ဖြင့် သားငယ် သမီးငယ်များအတွက် အသိပညာတိုးပွားစေမည့် ကဗျာများကို အကြောင်းအရာ စုံစုံလင်လင် ရေးဖွဲ့ထားသည့်အပြင် ကလေးငယ်များ စိတ်ဝင်စားပြီး ရွတ်ဖတ်သီဆိုနိုင်မည့် ကဗျာစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၈၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေ ကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄ ၆၈၁) ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။




သတင်းစဉ်




### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၇-၂၀၂၀

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၆၅ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၄၂ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၈၀ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၀၉ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၁ . ၆ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၄၆ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၃ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၂၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၃ . ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၁၈ . ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ . ၉၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၈၄၄၂ | ၈၈၆၄၁၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၄၇၈၁ | ၁၈၁၅၇၈၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂၀၁ | ၁၆၃၀၁၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၀၁ | ၄၉၈၂၂၅၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၁၃၇ | ၃၈၄၁၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၄၀ | ၁၀၈၀၀၀ |

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မောင်မောင်တာနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဇွန် ၃၀ ရက်မှအဆက်*

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ အစ်ကို ကြည် ကြည် ဌေး မင်းသမီး။

**မောင်မောင်တာ**။ ။ ကြည် ကြည် ဌေး တို့၊မေရီမြတို့ ပါတာပေါ့ အဲဒီမှာ၊ အဲဒီတော့ "ချစ်အာရုံ" ဇာတ်ကားဟာ ဒါရိုက်တာက တက္ကသိုလ် နေဝင်း။

**ကြည်စိုးထွန်း**။ ။ waterloo bridge ကို။

**မောင်မောင်တာ**။ ။ Robert taylor & Vivian Leigh ရဲ့ Waterloo bridgeကို ပြန်ရိုက်ထားတဲ့ကားပါ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ ကြည့်ဖူးတယ် အစ်ကို။ နောက်ဆုံးကျတော့ တံတားပေါ်မှာ ထင်တယ်။ အစ်ကိုတို့ကျတော့ ဘယ်လိုရိုက်ထားလဲ မသိဘူး။

**မောင်မောင်တာ**။ ။ အဲဒါလည်း Adap-tation ပဲ။ ခုနက ဒေါက်တာ အောင်ကျော်ဦး ဆိုလည်း Nora Prentiss ကို လုပ်ထားတာပေါ့။ အဲဒီလိုယူတဲ့အခါမှာ Adapt လုပ်တဲ့အခါမှာ လုပ်ပုံလုပ်နည်းက အောင်ကျော်ဦးနဲ့ ချစ်အာရုံက သိပ်မတူဘူး။ သိပ်မမှီးဘူး သူက။

**ကြည်စိုးထွန်း**။ ။ ဒေါက်တာ အောင်ကျော်ဦး တုန်းက ဆရာရွှေဒုံးဘီအောင်က မြန်မာပိုင်းကိုလည်း သူကနှံ့စပ်တယ်၊ ကျွမ်းကျင်တယ်။

**မောင်မောင်တာ**။ ။ စီနီယာလည်း ကျတယ်။ ဒါရိုက်တာတွေထဲမှာ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)က ဆရာရွှေဒုံးဘီအောင်ရဲ့ တပည့်ပါ။ ဝါနုတယ်။ အဲဒီမှာ သွားပေါ်တယ်။ ဝါမှာ အတွေးအခေါ်မှာ။ ဆိုတော့ ဒီ waterloo bridge က ကျွန်တော့်လာရွေးတော့ ကျွန်တော် အဲဒီအချိန်တုန်းက waterloo bridge က Robert Taylor နဲ့ တူလို့ လာရွေးတာ။ နည်းနည်းလေးတော့တူတယ် ဟိုတုန်းကတော့။ ဗမာ့ Robert Taylor ပေါ့။ ဒါပေမယ့် သိပ်မမီဘူး။ ဒါပေမယ့် သရုပ်ဆောင်မှာ မေရီမြတို့၊ ဒေါ်ကြည်ကြည်ဌေးတို့ကတော့ ထိပ်တန်းသရုပ်ဆောင်သွားတဲ့ ကားတစ်ကားဖြစ်ပါတယ်။ ကျွန်တော်လည်း အတော်လိုက်ရတယ်။ ကြည်ကြည်ဌေးကို မီအောင် သူက သိပ်သွက်လွန်းအား ကြီးတယ်။

**ကြည်စိုးထွန်း**။ ။ ဩော် ဟင်းဟင်း အစ်ကိုလည်း သွက်တာပဲ။ ဒေါက်တာ အောင်ကျော်ဦးဆို သွက်နေတာပဲနေမှာနေ့ာ်။ နောက် အေးမောင်လူထုအောင်သံတုန်းကလည်း တော်တော်သွက်တာပဲ။ ပြောတာဆိုတာရော လှုပ်ရှားတာရော။ ပြန်ကြည့်မယ်ဆိုရင် ၈၄ ဆိုတာနည်းတဲ့ခေတ်မှ မဟုတ်တာ အသက်ကလေ။ ကုသိုလ်ပဲ၊ ဒီလို ဆရာနဲ့ စကားပြောခွင့်ရတာ။ ဒီချစ်အာရုံနောက် "ဤလူ့ဘောင်တွင်" ဆိုတဲ့ကား။

**ကြည်စိုးထွန်း**။ ။ ၁၉၅၈ အစ်ကို၊ ၅၇-၅၈ လောက်ကပေါ့။

**မောင်မောင်တာ**။ ။ အဲဒီကြားမှာ၊ ကားတွေ များတဲ့ကြားမှာ ကျွန်တော့် ခေါင်းထဲပေါ်လာတာ "ဤလူ့ဘောင်တွင်"။

**ကြည်စိုးထွန်း**။ ။ သိပ်ကောင်းတဲ့ကား ဆရာ။

**မောင်မောင်တာ**။ ။ ကျွန်တော် မန္တလေးရုပ်ရှင်၊ မန္တလေးမှာ သွားရိုက်ရတာ။

**ကြည်စိုးထွန်း**။ ။ မန္တလေးသားပဲလေ။

**မောင်မောင်တာ**။ ။ ကျွန် တော် လည်း မန္တ လေး သား ပဲ။ ကျွန်တော်ရယ်၊ ထွန်းဝေရယ်၊ မြင့်မြင့်ခင်ရယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်တယ် အစ်ကို။ ဦးကျော်လုံးရယ်။

**မောင်မောင်တာ**။ ။ ဦးကျော်လုံးနာမည်ရသွားတဲ့ကား။ သူ့ရဲ့ ပထမဆုံး ကားဗျ။ အဲဒီ "ဤလူ့ဘောင်တွင်" ဟာ၊ မြန်မာနိုင်ငံရဲ့ စီနီမာစကုပ် စစ်စစ်ကားဟာ "ဤလူ့ဘောင်တွင်"ပဲ။

**ကြည်စိုးထွန်း** ။ ။ နိုင် ငံ ခြား သား တွေ လည်း ပြောပါတယ်။

**မောင်မောင်တာ**။ ။ ကျွန်တော် ရိုက်နေတဲ့ အချိန်မှာ ရန်ကုန် ရုပ်ရှင်ကောင်စီကနေပြီးတော့ ရုပ်ရှင်အစည်းအရုံးခေါ်တာပေါ့ ဟိုတုန်းကတော့။ ဖုန်းလာတယ်။ ရန်ကုန်ကို အမြန်လာပါတဲ့ မြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်အနေနဲ့ ဖိလစ်ပိုင်နိုင်ငံ ပဥ္စမမြောက် အာရှရုပ်ရှင်ပွဲတော်ကို တက်ဖို့ဆိုပြီးတော့ ကျွန်တော့်ကို လှမ်းပြီးတော့ ဖုန်းဆက်တယ်။

**ကြည်စိုးထွန်း**။ ။ ဩော် ဟုတ်ကဲ့။

**မောင်မောင်တာ**။ ။ ဖုန်း ဆက် တော့ ကျွန်တော် ပြန်လာခဲ့တယ်။ "ဤလူ့ဘောင်တွင်" ရိုက်လက်စ ပြန်လာတယ်။ ကိုနေဝင်းနဲ့၊ ကျွန်တော်နဲ့ ဘယ်သွားတုန်းဆိုတော့ မနီလာ ရုပ်ရှင်ပွဲတော်ကို သွားတယ်။

**ကြည်စိုးထွန်း**။ ။ ဩော် ဗြိတိသျှဘားမားက ကိုနေဝင်း၊ ဦးညွန့်ရဲ့ သား။

**မောင်မောင်တာ**။ ။ အဲဒီရောက်တဲ့အခါကျတော့ ခုနစ်ရက်တိတိ၊ အဲဒီမှာလည်း ကျွန်တော်တို့က နှစ်ယောက်၊ မင်းသမီး မပါ ဘာမပါ။ ရုပ်ရှင်ပွဲတော်ဆိုတာက တစ်နေ့လုံး ရုပ်ရှင်ကြည့် လျှောက်လည်။ ည ကရ၊ ဒါပဲ သူတို့က။ ညကျတော့ ၈ နာရီ၊ ၉ နာရီကနေပြီးတော့ မနက်မိုးလင်း ၄ နာရီထိအောင် ကတယ်။ ကျွန်တော်လည်း အကဝါသနာပါတော့လည်း ကိုက်တယ်။

**ကြည်စိုးထွန်း**။ ။ ဟန်ကျသွားတာပေါ့။

**မောင်မောင်တာ**။ ။ အဲဒီ အခါမှာ ဟောင် ကောင် က ချိုင်းဆိုတဲ့ မင်းသားက ချားချားဆိုတဲ့အကနဲ့ သူ့မင်းသမီးနဲ့ တွဲတွဲပြီးတော့၊ ဒီဘက်က



ဦးနေဝင်း



ကြည်ကြည်ဌေး



မေရီမြ

ဖြစ်နေတာက ဖိလစ်ပိုင် တစ်ကွင်းလုံးကို တယ်လီဗေးရှင်းတင်နေတာကိုး။ သူ့အကပဲ နေ့တိုင်းပါတယ်။ ခုနစ်ရက် လုံးလုံး။

**ကြည်စိုးထွန်း**။ ။ သူ့အကပဲ ရွေးရွေး ရိုက်ပြီးတော့။

**မောင်မောင်တာ**။ ။ ဘာဖြစ်လို့လဲဆိုတော့ သူက ကတတ်တာကိုး ချားချား။ ကျွန်တော်က ဘာမင်းသမီးမှ မပါတော့၊ တွဲဖက်မပါတော့ ။

**ကြည်စိုးထွန်း**။ ။ ဟင်းဟင်း ကိုနေဝင်း တွဲရအောင် ကလည်း မရဘူး။

**မောင်မောင်တာ**။ ။ ဆိုတော့ ကျွန်တော်က လီတာ ဂူဂျာရက်စ် ဆိုတဲ့ မင်းသမီးကြီးတစ်ယောက်ကို ခပ်ငယ်ငယ်ပဲ၊ သူက ကျွန်တော်နဲ့ တစ်နာရီလောက် ထရိန်နင် ယူပြီးတော့။

**ကြည်စိုးထွန်း**။ ။ သူက ဘယ်နိုင်ငံသားလဲ။

**မောင်မောင်တာ**။ ။ ဖိလစ်ပိုင်က မင်းသမီးပဲ။ တီဗွီမှာ ပါချင်သလားလို့ ကျွန်တော်က မေးလိုက်တယ်။ ပါချင်တယ်တဲ့။ ဒီနေ့ည ငါနဲ့ ကလို့ ဆိုတော့ ကမယ်တဲ့။ ဒါပေမယ့် ဒီလို မရဘူးလို့ နှစ်နာရီလောက် ထရိန်နင် ယူရမယ်လို့ ဆိုတော့ ဟိုတယ်တစ်ခုမှာ ကျွန်တော်တို့ အကလေ့ကျင့်လိုက်ကြတယ်။ အဲဒီညကျတော့ ထုံးစံအတိုင်းပဲ ချားချားနဲ့ ဟောင်ကောင်မင်းသား သူ့နာမည် ဘာပါလိမ့်။ ချိုင်းဆိုတာ နာမည်ကြီးပဲ သူက။ မင်းသားချိုင်းကိုပဲ တီဗွီက ဒီလိုလိုက်နေတာ ကျွန်တော်က band ကို Music ပြောင်းခိုင်းလိုက်လို့ ကျွန်တော်နဲ့ ကနေတဲ့ အမျိုးသမီးကလည်း သူက ဖိလစ်ပိုင်က နာမည်ကြီး။ သူကလက်ပြတော့ တန်ဂိုပြောင်းလိုက်တယ်။ ပြောင်းလိုက်တော့ ကျွန်တော်က တန်ဂို စကတော့ တယ်လီဗေးရှင်းကနေ စက်ဆွဲလာပြီး ဟေ့ - ဘယ်သူလဲကွတဲ့၊ မင်းသမီးကတော့ လီတာဂူဂျာရက်စ်တဲ့၊ ကနေတဲ့လူက ဘယ်ကဟာလဲတဲ့၊ မသိဘူးတဲ့။ သူက မြန်မာပြည်ကလို့ ပြောတယ်။ နာမည်ဘာလဲ မသိဘူးတဲ့၊ နာမည်မသိဘူးတဲ့။ ကိုင်း ကိစ္စမရှိဘူးတဲ့၊ Mr. Burma dancing with လီတာ ဂူဂျာရက်စ်တဲ့၊ Mr. Burma do the tango with လီတာဂူ ဂျာရက်စ်တဲ့၊ Mr. Burma တဲ့၊ မောင်ဗမာ ရောက်နေတယ်တဲ့ နာမည်မသိဘူး။ အဲဒီလိုပဲ အဲဒီအကလေး ကျွမ်းကျင်လို့ အဲဒီမှာ အသုံးချ ပြီးတော့ မြန်မာ့အလံကို အကနဲ့ပဲ အဲဒီနေရာမှာ ထူပေးခဲ့တယ်။ Generation ပါသွားတာကိုး။ မြန်မာပြည်က Mr. Burma ၊ Mr. Burma ဆိုတော့ လူတွေက ဝိုင်းမေးတယ်။ မြန်မာပြည်မှာ ခင်ဗျားလိုပဲ ကကြသလား။ ဟာ အကုန် ကတယ်လို့။

**ကြည်စိုးထွန်း**။ ။ ဟားဟားဟားဟား

**မောင်မောင်တာ**။ ။ ဒါကတော့ ကြွားတာပေါ့။ အကုန် ကတတ်တယ်လို့။

**ကြည်စိုးထွန်း**။ ။ ကျွန် တော် တို့ သွားရင် အက ခိုင်းနေရင် ခက်နေဦးမယ်။

**မောင်မောင်တာ**။ ။ အဲ ဒါ လေး တွေ၊ အတွေ့ အကြုံလေးတွေက ပြန်လာတော့လည်း သတင်းစာတွေ ဘာတွေ အင်တာဗျူးလုပ်တဲ့အခါကျတော့လည်း ဒီလိုပဲ ပြောပြပါတယ်။ တစ်ခါတလေကျတော့ အဲဒီအကက ဘာတန်ဖိုးရှိသွားလဲဆိုတော့ ဖိလစ်ပိုင်နိုင်ငံ အဲဒီထဲမှာ ဗမာပြည်ရှိတယ်ဟေ့၊ ချိုင်းတင် မဟုတ်ဘူး၊ မောင်မောင်တာလည်း ပါတယ်ဆိုတာ မြန်မာနိုင်ငံက ကိုယ်စားပြုပြီးတော့ အလံထောင်ခဲ့တာ။ အဲဒါလေးလည်း ကျွန်တော် ပီတိဖြစ်ပါတယ်။

**ကြည်စိုးထွန်း**။ ။ ဝမ်းသာ စရာပါ၊ ဂုဏ် ယူ စ ရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လေ့လာထားတဲ့ အနုပညာနဲ့ ကိုယ့်နိုင်ငံကို ဂုဏ်တင်နိုင်တဲ့ အခြေအနေမျိုးကတော့ ဒါ ပီတိဖြစ်စရာပါပဲ။

**မောင်မောင်တာ**။ ။ အဲဒါနဲ့ တင်မှုပဲရမှာတို့က။

*စာမျက်နှာ ၂၁ သို့*



မောင်မောင်တာ၊ ကြည်ကြည်ဌေး



*စာမျက်နှာ ၂၀ မှ*

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ ဆက်လိုက်ကြဦးစို့ အစ်ကိုရေ။ ကျွန်တော်တို့ "ဤလူ့ဘောင်တွင်" ဒေါ်မြင့်မြင့်ခင်နဲ့ ပြောတော့လည်း ဒီအကြောင်းပဲ ပြောဖြစ်တာပါပဲ။ ဘာဖြစ်လို့တုံးဆိုတော့ ဒီအခန်းလေးက အစွဲဆုံးကိုး၊ နောက်ဆုံးအခန်းလေးကို။

**မောင်မောင်တာ**။ ။ နောက်ဆုံး အခန်းလေး ပြောရင် ကျွန်တော်တို့ နောက်ကောက်ကျသွားတာ မင်းသား မင်းသမီး မဟုတ်ဘူး။ ပဝါလေးလေ။

**ကြည်စိုးထွန်း**။ ။ အစ်ကို ကျွန်တော် ပြောမယ်၊ ဒီ ဆရာ ရွှေဒုံးဘီအောင်ရဲ့ Triangle Love ကလည်း တစ်သက်လုံး ဒါနဲ့ ဖမ်းတာပဲ သူက၊ ဖမ်းတာက ကျွန်တော်တို့ကလည်း သူဖမ်းသရွေ့ ထိတာ ချည်းပဲ။ ထိပြီးတော့ ဟုတ်တယ်။ ဒီ အဖော်မဲ့တဲ့သူကို စာနာပြီးတော့ သနားနေတုန်း ရှိသေးတယ်။ နောက်ထပ် ပိုပြီးတော့ကို သနားရာကနေပြီးတော့ ကြင်နာအောင် ထပ်လုပ်တာ သူက။ ဥပမာ ဆိုပါတော့ ဗိုလ်အောင်ဒင်ဆိုရင်လည်း သူက ဟာ သွားပြီ၊ ပါသွားပြီ၊ မမြဝင်းက ပါသွားပြီ ပြီးပြီပေါ့။

**ကြည်စိုးထွန်း**။ ။ မဟုတ်ဘူး သူက ကရင်မလေးနဲ့ ခြံပြီးတော့ သူက ကြင်နာမှုရအောင် လုပ်သလို အစ်ကို့ကိုလည်း အဲဒီလိုပဲ။ ဟိုမှာ ထွန်းဝေရယ်၊ မြင့်မြင့်ခင်ရယ်၊ မောင်မောင်တာရယ်မှာ မောင်မောင်တာက ဘယ်လိုတုံးဆိုတော့ မြင့်မြင့်ခင်ကလည်း မောင်မောင်တာကို ချစ်ရဲ့ သားနဲ့ အခြေအနေက သူတို့နှစ်ယောက်တော့ ရတော့မှာပဲ ကျွန်တော်တို့ ပရိသတ်ကထင်နေတုန်းမှာ မရဘဲနဲ့၊ ထွန်းဝေနဲ့ မြင့်မြင့်ခင်နဲ့က ယူလိုက်ရတယ်။ မောင်မောင်တာ့ကို ဝမ်းနည်းစွာနဲ့ သူက reject လုပ်လိုက်ရတယ်။ သူကလည်း ချစ်တယ်ထင်နေရာက မထင်ဘဲနဲ့ နေပြီးတော့ ခွဲလိုက်ရတဲ့အခါမှာ ဝမ်းနည်းတယ်။ ဒါပေမယ့် ခုနက သူ့ရဲ့ ပဝါလေးတော့ သူက ရလိုက်တယ်။ ဒါလေးကို အမြတ်တနိုးနဲ့ သူယူလာတယ်။ ကားလေးနဲ့ မောင်းလာတယ်။









ဦးကျော်ကလုံး

ခုနက ကားဆိုတာ ကျွန်တော် အဲဒါပြောချင်တာ။ အစ်ကို ကားက အဲဒီမှာလည်း ကားနဲ့ပဲ။ လွှမ်းခဲ့ရတာပဲနော်။ အဲဒီမှာ ပဝါလေးက တစ်ခါတည်း မောင်းရင်းနဲ့ သီချင်းလေးလည်း ပါတယ် ထင်တယ်။ မေ့နေပြီ။ သီချင်းပါတယ်။ မြင့်ရေ ဘာဆိုလဲမသိဘူး။ အဲဒီသီချင်းလေး ပါတယ်။ အဲဒီမှာ လွင့်ကျသွားတာ။

**မောင်မောင်တာ**။ ။ အဲဒီထဲမှာဇာတ်ဆောင်ကတော့ အဲဒီမှာ ကားနဲ့၊ ပဝါနဲ့၊ လေနဲ့။

**ကြည်စိုးထွန်း** ။ ။ ဝါးရုံနဲ့၊ ဝါးရုံက ပါသေးတယ်။

**မောင်မောင်တာ**။ ။ Anti–climax ကောင်းတာလို့ ခေါ်တယ်။ တချို့ Anti–climax လုပ်ရင် Fail ဖြစ်တတ်တယ်။ ဒါပေမယ့် ရွှေဒုံးဘီအောင်က Anti–climax က သူ တော်တယ် ။ ကွဲသွားပြီးတော့ တစ်ဆင့်ထပ်တိုးပြီးတော့ နာအောင်သူ လုပ်လိုက်တယ်။ သူပေးခဲ့တဲ့ ပဝါလေးက ဒီပေါ် (ပခုံး) တင်လာတာကျတော့ ဒီလို မောင်းလာတာ ဆတ်ခနဲဆိုတော့ လွင့်ကျသွားတယ်။ ကျွန်တော်လှမ်းကြည့်လိုက်တယ်။ ကားရပ်တယ်၊ ဆင်းကြည့်တယ်၊ သူက ဆင်းသွားပြီးတော့ ဝါးရုံပင်ပေါ်မှာ တင်နေတယ်။ မြင့်မြင့်ခင်က ကိုယ်အပိုင်ထားခဲ့တာ၊ အဲဒီထဲမှာ အဲဒါဆုံးရှုံးရုံတင်မကဘူး။ သူပေးတဲ့ ပဝါတောင်မှ ဝါးရုံပင်ပေါ် တင်ခံရတယ်ဆိုတဲ့။ လူတွေက "ဤလူ့ဘောင်တွင်" မပြောဘူး "ပဝါလေး" လို့ ပြောတယ်ဆိုရင် ကျွန်တော်သိသွားပြီ၊ ကားထဲက အကြိုက်ဆုံးကတော့ ဟိုပဝါလေး လွင့်သွားတဲ့ အခန်း။

**ကြည်စိုးထွန်း**။ ။ ပဝါလေး လွင့်သွားတဲ့ အခန်းပေါ့ ဟုတ်လား ။

**မောင်မောင်တာ**။ ။ တော်တော် ထိခိုက်ပါတယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့ တော် တော် လေး ကို စိတ်ထဲကို Emotional ဖြစ်။

**မောင်မောင်တာ**။ ။ ကားပေါ်က ဆင်းလာပြီး ကျွန်တော် ကြည့်တယ်။

**ကြည်စိုးထွန်း**။ ။ အ မူ အ ရာ တွေ လည်း ကောင်းပါတယ်။ အဲဒီတုန်းက သုံးယောက်စလုံး ကျွန်တော်တို့ ကြိုက်တာပဲ၊ ကျွန်တော်တို့ကလည်း ရုပ်ရှင်ကြိုက်တဲ့အရွယ်၊ ကြည့်တဲ့အရွယ်ဆိုတော့ အစ်ကိုရယ်၊ အဲဒီတုန်းကတော့ သိပ်သဘောကျတာပဲ။ နောက်ပြီးတော့ ဒီ မြင်ကွင်းကျယ်တွေ ကြည့်ရတာကိုက အရသာရှိတယ်။ ၁၉၅၈၊ ဒါပေမယ့် ဒေါ်မြင့်မြင့်ခင်ပြောမှ ကျွန်တော်လည်း ပြန်စဉ်းစားမိတယ် အစ်ကိုရဲ့၊ တစ်ယောက်မှ ဆုမရကြဘူးတဲ့။ "ဤလူ့ဘောင်တွင်" က ဘာပဲဖြစ်ဖြစ်နော်၊ ဆုတောင်းတာပေါ့လေ။ ရစေချင်တာပေါ့လေ။ ကျွန်တော်တို့ကနော်။ ခုနလိုကံလို့ပဲ သဘောထားလိုက်ပါဦး အစ်ကိုရယ်။ အဲဒီတော့ နှစ်ကားရှိပါပြီ။ အစ်ကိုလွတ်တာ။

**မောင်မောင်တာ**။။ စောစောက ပြောရဲ့လား



မြင့်မြင့်ခင်

မြင် ကွင်း ကျယ် က ဒီဘက်မှာ ပထမဆုံး မြင်ကွင်းကျယ်ဆိုတာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ပါတယ် ပြောပြီးပြီ။ ၁၉၅၈ မှာ။ အကောင်းဆုံးပါပဲ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

မောင်မောင်တာ။ ။ အိန္ဒိယ မှာ တောင် မရှိသေးဘူး အဲဒီတုန်းက။

**ကြည်စိုးထွန်း**။ ။ တကယ်ကို နိုင်ငံခြားသားတွေက ကြည့်တဲ့အခါမှာလည်း ဒီမြင်ကွင်းကျယ် ကားကတော့ တကယ်အဆင့်မီတဲ့ကား ဆိုတာ အဲဒီလောက်ကို ပြောတာအစ်ကိုရ။ အဲဒီရဲ့ နောက်ပိုင်းမှာကျတော့ အစ်ကို ရိုက်တဲ့ကားတွေ ပြောပါဦး။ ၅၈ – ၆၀ ကျော် လောက်ပေါ့။

**မောင်မောင်တာ**။ ။ "မျှော် တလင့်လင့်" ဆိုတဲ့ကား Never Say Goodbye။

**ကြည်စိုးထွန်း**။ ။ ရော့ဒ် ဟတ် ဆန် ဟုတ်လား အစ်ကို။

**မောင်မောင်တာ**။ ။ ဟုတ်တယ်၊ အဲဒီ ကားကို ကိုယ်ပိုင်ကုမ္ပဏီထောင်ပြီးတော့ ကျွန်တော် ရိုက်ခဲ့ပါတယ်။ နေပြည်တော် ရုပ်ရှင်ကုမ္ပဏီ မန္တလေးဆိုပြီးတော့ ရိုက်ခဲ့ပါတယ်။

**ကြည်စိုးထွန်း**။ ။ အစ်ကို ခဏလေး ကျွန်တော် အဲဒီမှာ ကြားဖြတ်မေးမလို့ အစ်ကို၊ မန်းရုပ်ရှင်ဆိုတာ အစ်ကိုတို့ စုထောင်ခဲ့တယ် မဟုတ်လား။

**မောင်မောင်တာ**။ ။ မန်း ရုပ် ရှင် က နောက် ကုမ္ပဏီတစ်ခု စုထောင်ခဲ့တာ။

**ကြည်စိုးထွန်း**။ ။ အဲဒါက ဒီ နေပြည်တော် မတိုင်ခင်ကလား။

**မောင်မောင်တာ**။ ။ နေ ပြည် တော် နောက်မှ။

**ကြည်စိုးထွန်း**။ ။ ဩော် နေပြည်တော် နောက်မှ၊ ဦးသန်းနိုင်တို့၊ ဘာတို့နဲ့ အစ်ကို စာချုပ်တာတွေ၊ ဘာတွေ သွားတွေ့တယ်။ လူငယ်များ မန်းရုပ်ရှင်ထောင်ပြီ ဆိုပြီးတော့ အဲဒီတော့ ဆိုပါဦး။ နေပြည်တော်မှာ ရုပ်ရှင် ကိုယ့်ဟာကိုယ် ကိုယ်ပိုင်ထောင်တယ်။

မောင်မောင်တာ။ ။ ထောင် ပြီး တော့ ၁၉၆၁ ခုနှစ်မှာ ပြတယ်။ အဲဒီနှစ်အတွက်တော့ ဝင်ငွေအကောင်းဆုံး ကားရယ်လို့ သတ်မှတ်ရမယ်။

**ကြည်စိုးထွန်း**။ ။ ဩော် ဟုတ်ကဲ့ အစ်ကို၊ အစ်ကိုရယ် ပါဝင်တဲ့ သူက။

**မောင်မောင်တာ**။ ။ ကျွန် တော် ရယ် ဗိုလ် ဗ ကို ရယ်၊ မြင့်မြင့်ခင်ရယ်၊ နွဲ့နွဲ့အေးလည်း ပါတယ်။

**မောင်မောင်တာ**။ ။ ကျွန် တော် ကတော့ စစ်ဗိုလ် အနေနဲ့ ကပ္ပတိန်ဘဝက စပြတယ်။ ကာနယ်ဘဝမှာ ဆုံးတယ်။ အဲဒီကားထဲမှာ၊ အဲဒီခေတ်က မြန်မာပြည်တစ်ပြည်လုံးမှာ၊ တပ်မတော်




ထဲမှာ ကာနယ် နှစ်ယောက်ပဲ ရှိတယ်။ ဗိုလ်ချုပ်ဆိုတာ မရှိသေးဘူး။ အဲဒီတုန်းက ဖူးကာနယ် နှစ်ယောက်ရှိတဲ့ အထဲမှာ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် အနီဖတ် ငရုတ်သီးဖတ်လို့ ခေါ်တာပေါ့။ ငရုတ်သီးဖတ်တပ်ပြီးတော့ ကာနယ်အနေနဲ့ ဝင်ကပြတော့ ဝေါ့ဗစ် က ပထမပွဲ လာကြည့်သွားတယ်။ တို့ဆီမှာရှိတာတော့ ကာနယ် နှစ်ယောက်ရှိတယ်။ သူက ရုပ်ရှင်ထဲမှာတစ်ယောက်၊ သုံးယောက် ဖြစ်သွားပြီ၊ ဘာတွေ မဟားဒယား လုပ်ထားမလဲဆိုတာကို လာကြည့်တယ်။ လာကြည့်တော့ ကျွန်တော်ကလည်း အပြစ်မရှိအောင်လို့ အဝတ်အစား၊ တံဆိပ်၊ ဦးထုပ်၊ ငရုတ်သီးဖတ် အားလုံး ကျွန်တော့် ဆရာအရင်းဖြစ်တဲ့ ပီအက်စ်အို လုပ်ခဲ့တဲ့ ဗိုလ်ကျော်ဇော ဟာတွေ ယူဝတ်ထားတာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့မမှားတော့ဘူးပေါ့။

**မောင်မောင်တာ**။ ။ မမှားဘူး။လာကြည့်တဲ့ လူတွေ မင်းတို့ မမြင်ဖူးဘူး။ ဒါကို မောင်မောင်တာရဲ့ ဖူးကာနယ်။

ကြည်စိုးထွန်း။ ။ တကယ့် ဖူးကာနယ် ဟာကို ယူဝတ်ထားတာပေါ့။

**မောင်မောင်တာ**။ ။ ကျွန်တော့်ဆရာကြီးက ရှိသေးလားတော့ မပြောတတ်ဘူး။ ဒါပေမယ့် သူ့ဟာတွေ ယူဝတ်ထားတော့ လာကြည့်တဲ့သူတွေက ပီတိကျပြီးတော့ မဆိုးဘူးကွလို့ ပြောတယ်။ ဗမာမှာ မဆိုးဘူးဆိုတာက မဆိုးလို့ပဲ ဆိုရမှာပေါ့။

**ကြည်စိုးထွန်း**။ ။ ကောင်းလို့ ပဲပေါ့လေ။ ကောင်းလို့ ပဲပေါ့။

**မောင်မောင်တာ**။ ။ အောင်မြင်ပါတယ် အဲဒီ ကားက။ အဲဒီ ကားဟာ ပွဲတိုင်း ရုံပြည့် ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ အစ်ကို ဟုတ်ကဲ့၊ နောက် စိမ်းလဲ့ မြေလွှာတို့ ဘာတို့ရှိသေးတယ်နော် အစ်ကို။

**မောင်မောင်တာ**။ ။ စိမ်းလဲ့ မြေလွှာ ဆိုတာ ဗြိတိသျှ ဘားမားက ကား။

**ကြည်စိုးထွန်း**။ ။ အဲဒါက ခုနက "မျှော် တလင့်လင့်" ရဲ့ ရှေ့လား။

**မောင်မောင်တာ**။ ။ အင်း "မျှော်တလင့်လင့်" ရဲ့ နောက်မှာ။

**ကြည်စိုးထွန်း**။ ။ ကျော် ဖေ ရယ်။

**မောင်မောင်တာ** ။ ။ ပဲခူးမယ် မြင့်ရယ်၊ ကျွန် တော် ရယ်၊ မေရီမြရယ်။

*ဆက်လက်ဖော်ပြပါမည်*

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၇) အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပါတော့မည်

မောင်စာဂ

**တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပါတော့မည်။ ပထမအကြိမ် လွှတ်တော်သက်တမ်း အတွက် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့ပြီး ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ၂ လနှင့် ၂၄ ရက်အလိုတွင် ကြေညာခဲ့သည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့ တွင် ကျင်းပခဲ့ပြီး ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ၄ လအလိုတွင် ကြေညာခဲ့သည်။ တတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ၄ လနှင့် ၇ ရက်အလိုတွင် ကြေညာခဲ့ခြင်းဖြစ်သည်။ အနှစ်ချုပ်မျှဝေပါရစေ။**

### မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးကို လွှတ်တော်အသီးသီးအတွက် တစ်နေ့တည်း၊ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။ လွှတ်တော်တစ်ရပ်စီအတွက် ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များကို ဤသို့သတ်မှတ်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ၂၉-၆-၂၀၂၀ ရက်စွဲပါ ကြေညာချက်များဖြစ်သည့် ကြေညာချက်အမှတ် ၁၁၁ ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်စုစုပေါင်း ၃၃၀ နယ်ကိုလည်းကောင်း၊ ကြေညာချက်အမှတ် ၁၁၂ ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် စုစုပေါင်း ၁၆၈ နယ်ကိုလည်းကောင်း၊ ကြေညာချက်အမှတ် ၁၁၃ ဖြင့် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ် စုစုပေါင်း ၆၄၄ နယ်ကိုလည်းကောင်း၊ ကြေညာချက်အမှတ် ၁၁၄ ဖြင့် တိုင်းရင်းသား လူမျိုးလွှတ်တော်အတွက် မဲဆန္ဒနယ်စုစုပေါင်း ၂၉ နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာခဲ့သည်။

### ရွေးကောက်ပွဲကျင်းပမည့်ရက်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၁-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁၅ ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာခဲ့သည်။

### ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၁-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁၆ ဖြင့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရမည့် နေ့ရက်၊ အမည်စာရင်း တင်သွင်းလွှာများကို စိစစ်မည့် နေ့ရက်များနှင့် အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နေ့ရက်များကို ဤသို့သတ်မှတ် ကြေညာခဲ့သည်။

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင် တင်သွင်းနိုင်သည့်နေ့ရက်သည် ၂၀-၇-၂၀၂၀ ရက်နေ့ ဖြစ်သည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၇-၈-၂၀၂၀ ရက်နေ့ ဖြစ်သည်။ အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၁၀-၈-၂၀၂၀ ရက်နေ့ဖြစ်သည်။ အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက်သည် ၁၁-၈-၂၀၂၀ ရက်နေ့မှ ၁၇-၈-၂၀၂၀ ရက်နေ့အထိ ဖြစ်သည်။

### အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါတော့မည်။ လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ် ကြေညာခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် မိမိတို့ပါတီကို ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အပြီးသတ်ရွေးချယ်ကြရပါတော့မည်။ မည်သည့်လွှတ်တော် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ကို ဆုံးဖြတ်ရပါတော့မည်။ သတ်မှတ်သည့် နေ့ရက်များအတွင်း ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်ကြရပါတော့မည်။

**“ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီဖို့ လိုအပ်ပါသည်။ အမည်စာရင်း တင်သွင်းသည့်အခါတွင်လည်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဖြစ်ဖို့ကလည်း အရေးကြီး”**

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီဖို့ လိုအပ်ပါသည်။ အမည်စာရင်းတင်သွင်းသည့်အခါတွင်လည်း သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်ဖို့ကလည်း အရေးကြီးပါသည်။

### ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ကြရမည်

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးကို ခန့်ထားဖို့ကလည်း အရေးကြီးပါသည်။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ဆောင်ရွက်ရမည့် ကိစ္စကြီးငယ်ဟူသမျှကို ရွေးကောက်ပွဲကိုယ်စားလှယ်က ဆောင်ရွက်ခွင့်ရှိသည်။ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးတွင်ရှိရမည့် အရည်အချင်း သတ်မှတ်ချက်ကလည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းရှိရမည့် အရည်အချင်းသတ်မှတ်ချက်နှင့် အတူတူပင်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်ပွဲတွင်ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍကလည်း အရေးကြီးပါသည်။

### ကိုယ်စားလှယ်လောင်းအမည်စာရင်း စိစစ်ရာတွင်

လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်ရွေးချယ်ခြင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်းကိစ္စရပ်များက အရေးကြီးသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်အချိန်ကလည်း အရေးကြီးပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းလွှာ စိစစ်မည့် အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင် သွားရောက်နိုင်သကဲ့သို့ ၎င်း၏ကိုယ်စား ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်း သွားရောက်ခွင့်ရှိသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာ စိစစ်သည့်အချိန်တွင် ပါဝင်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက မိမိ၏ အမည်စာရင်းတင်သွင်းလွှာကို ကန့်ကွက်နိုင်သည်။ ထိုနည်းတူ မိမိကလည်း အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း တင်သွင်းလွှာများအပေါ် ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်သည်။ မိမိက ကန့်ကွက်ပါလျှင် အကြောင်းအချက်ခိုင်ခိုင်မာမာ ဥပဒေနှင့်အညီ ကန့်ကွက်ရန်ဖြစ်ပြီး မိမိအပေါ် ကန့်ကွက်လာလျှင် အကြောင်းအချက်ခိုင်ခိုင်မာမာ ဥပဒေနှင့်အညီ ထုချေ ဖြေရှင်းနိုင်ဖို့ လိုအပ်ပါမည်။

### အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရလျှင်

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက စိစစ်သည့်အခါတွင် အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် အမည်စာရင်းတင်သွင်းလွှာကို ပယ်ချခြင်း ခံရနိုင်သည်-

- ယှဉ်ပြိုင်ရွေးကောက်ခံသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လုံလောက်သော အထောက်အထားများ တင်ပြ၍ ကန့်ကွက်ခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာတွင် ဖော်ပြထားသော အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့သည် သက်ဆိုင်ရာ မဲစာရင်းတွင်ပါဝင်သော အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသား မှတ်ပုံတင်ကတ်ပြားအမှတ်တို့နှင့် ကိုက်ညီမှုမရှိခြင်း၊
- အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ် တင်သွင်းခြင်း၊
- လွှတ်တော် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်း များနှင့် ပြည့်စုံသူမဟုတ်ခြင်း၊
- အမည်စာရင်းတင်သွင်းရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ပေးသွင်းရာတွင် လည်းကောင်း၊ ရွေးကောက်ပွဲနည်းဥပဒေများ နှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရလျှင် သက်ဆိုင်ရာ နိုင်ငံရေးပါတီအနေဖြင့် ထိုသို့ အပယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအစား နောက်ထပ် တစ်ကြိမ်ထပ်မံ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ အမည်စာရင်းတင်သွင်းပိုင်ခွင့်ရှိမည်မဟုတ် တော့၍ ဤကိစ္စရပ်အပေါ် အထူးအလေးထားဆောင်ရွက် ရန် လိုအပ်သည်ဟု ထင်မြင်မိကြောင်းပါဗျာ။

လူကောင်း လူတော် လွှတ်တော်ကိုယ်စားလှယ် လောင်းများ စိစစ်ရွေးချယ်နိုင်ကြပါစေ။

အမည်စာရင်းတင်သွင်းမှုကို ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ဖြစ်ပါစေ။

အမည်စာရင်းတင်သွင်းလွှာတိုင်း အတည်ပြုခြင်း ခံကြရပါစေ။

## “ကမ္ဘာ့အမွေအနှစ်ပုဂံ” အွန်လိုင်းဓာတ်ပုံပြပွဲ ဇူလိုင်လအတွင်းပြသမည်

ရန်ကုန် ဇူလိုင် ၂

ပုဂံကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်ခြင်း တစ်နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ်အဖြစ် နှလုံးသားထဲက ပုဂံအဖွဲ့၏ “ကမ္ဘာ့အမွေအနှစ်ပုဂံ” အွန်လိုင်းဓာတ်ပုံပြပွဲအဖြစ် ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ ပြသမည်ဖြစ်သည်။

အဆိုပါဓာတ်ပုံပြပွဲတွင် နိုင်ငံအတွင်းရှိ ဓာတ်ပုံဆရာပေါင်း ၁၀၀ ကျော်၏ ပုဂံအမွေအနှစ်တည်ရှိရာဒေသကို အသိပေးသော ဓာတ်ပုံများ၊ ပုဂံအနုပညာလက်ရာများ၊ ပုဂံရှုခင်းများကို ရိုက်ကူးထားသော ဓာတ်ပုံများ ပြသမည်ဖြစ်ကြောင်း သိရသည်။ ဓာတ်ပုံပြပွဲကို နှလုံးသားထဲကပုဂံ ဖေ့စ်ဘုတ် လူမှုကွန်ရက်စာမျက်နှာတွင် ပြသမည်ဖြစ်ပြီး နှလုံးသားထဲက ပုဂံအဖွဲ့၏ ယခင်ပြပွဲများတွင် ပြသထားခြင်း မရှိသော ဓာတ်ပုံများကို ပြသမည်ဖြစ်ကြောင်း သိရသည်။

ပုဂံဒေသ၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အမှတ်စဉ်မှာ ၁၁၀၇မြောက် ဖြစ်သည်။

ယခင်က နှလုံးသားထဲက ပုဂံအဖွဲ့မှ ပြသသောဓာတ်ပုံပြပွဲများတွင် ရောင်းချခဲ့ရသော ဓာတ်ပုံရောင်းရငွေများကို ပုဂံကမ္ဘာ့အမွေအနှစ်စာရင်းဝင် လုပ်ငန်းစဉ်များအတွက် ကူညီပေးခဲ့ပြီး ယခုပြုလုပ်မည့် အွန်လိုင်းဓာတ်ပုံပြပွဲမှ ရောင်းရငွေများအားလုံးကို သက်ဆိုင်ရာ ဓာတ်ပုံဆရာများအား အသိအမှတ်ပြုသည့်အနေဖြင့် ပြန်လည်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း



ဓာတ်ပုံ - မျိုးဆွေသန်း

## ရခိုင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ Swiss Challenge ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး၏ ဌာနပိုင်မြေပေါ်တွင် ပြည်တော်သာစီမံကိန်းအဖြစ်ဆောက်လုပ်ခဲ့သည့် အဆောက်အအုံ (၂၅)လုံးနှင့် တစ်ဆက်တစ်စပ်တည်းရှိသော အဆောက်အအုံဟောင်းလေးလုံး စုစုပေါင်းအဆောက်အအုံ ၂၉လုံး ဆောက်လုပ်ထားသည့် မြေကေ ၈ဒသမ၇၁၃ဧကပေါ်တွင် လူနေမှုအဆင့်အတန်းမြင့်မားစေပြီး ပြန်လည်အဆင့်မြှင့်တင်သည့်စီမံကိန်း (Redevelopment Plan)အဖြစ် အဆင့်မြင့်လူနေတိုက်ခန်းများနှင့် အခြေခံအဆောက်အအုံများ (infrastructure)လုပ်ငန်းများ အပြည့်အစုံပါဝင်သည့် တည်ဆောက်အကောင်အထည်ဖော်မည့်စီမံကိန်းကို တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီတစ်ခုမှ စီမံကိန်းအဆိုပြုလွှာ ရေးဆွဲတင်ပြလာပါသည်။

၂။ အဆိုပါစီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရေးအတွက် မူလအဆိုပြုလွှာနှင့် ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်-

(က) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ စတင်ရောင်းချမည့်ရက် - ၁၇-၇-၂၀၂၀ရက် (သောကြာနေ့)

(ခ) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ ပြန်လည်တင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် - ၂၁-၈-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃နာရီ

(ဂ) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ ရောင်းချမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့

(ဃ) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ ပြန်လည်တင်သွင်းရမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၄၃-၂၂၇၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇၁၊ စံတော်ချိန်)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ဒသမ၀၇၂)ဧကရှိ မြေအား ဒေါ်ခိုင်ခိုင်ဝင်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈- ကုန်းရပ်တောင်)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ဒသမ၀၂၇)ဧကရှိ မြေအား ဦးဇော်ဝင်း၊ ဒေါ်မြင့်မြင့်အေး အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၊ O.S.S၊ စန္ဒဝတ်ကြေးတိုင်ပြင်၊ ဧရိယာ(၉ဒသမ၀၀)ဧကရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို ဦးထွန်းရီမှ အစိုးရခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်း (သစ်စက်လုပ်ငန်း) လုပ်ကိုင်ရန်အတွက် လျှောက်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ရက် နောက်ဆုံးထားပြီး မြိတ်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ သွားရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းဇော်** | **ဦးလှမင်းLL.B** |
| **၆/မအရ(နိုင်) ၀၈၅၇၉၈** | **တရားလွှတ်တော်ရှေ့နေ** |
| **ပါရမီရပ်ကွက်၊ မြိတ်မြို့** | **စဉ်-၁၀၅၈၈(၃၀-၄-၂၀၁၅)** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

